# မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ
# စနစ်တကျပြေးဆွဲရေး ဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁) | |
| | အမည် ၊ အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | |
| | ကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း (၃) | |
| | ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၅ |
| ၄။ | အခန်း (၄) | |
| | လုပ်ပိုင်ခွင့်များ | ၇ |
| ၅။ | အခန်း (၅) | |
| | ဘဏ္ဍာရေးရန်ပုံငွေထိန်းသိမ်းခြင်း၊ | ၈ |
| | စာရင်းပြုစုခြင်း ၊ စာရင်း စစ်ဆေးခြင်း | |
| ၆။ | အခန်း (၆) | |
| | ဝန်ထမ်းဖွဲ့စည်းပုံ | ၉ |
| ၇။ | အခန်း (၇) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၉ |
| ၈။ | အခန်း (၈) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၀ |
| ၉။ | အခန်း (၉) | |
| | အထွေထွေ | ၁၀ |

## အခန်း (၂)
## ကော်မတီ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေ ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ကော်မတီကို ဖွဲ့စည်းရမည် ။ လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းခြင်းကိုလည်း ဆောင်ရွက်နိုင်သည် ။

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ် ကော်မတီများကိုလည်းကောင်း ၊ ယာဉ် အမျိုးအစားအလိုက်ကော်မတီများကို လည်းကောင်း ဖွဲ့စည်းတာဝန်ပေးနိုင်သည် ။

၅။ ကော်မတီဝင်များ၏ အရည်အချင်း ၊ ကော်မတီဝင်အရေအတွက် ၊ ရွေးချယ်ဖွဲ့စည်းရန် နည်းလမ်း၊ ကော်မတီဝင်ဖြစ်ခြင်း ၊ ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း တို့ကို နည်းဥပဒေဖြင့် သတ်မှတ်ရမည် ။

၆။ ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့က အတည်ပြုသည့်နေ့မှစ၍ (၄)နှစ်ဖြစ်သည် ။ ကော်မတီ ဝင်တစ်ဦး၏ သက်တမ်းသည် ကော်မတီသက်တမ်း တစ်ဆက်တည်း သုံးကြိမ်ထက် မပိုစေရ ။

၇။ ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းအရပ်ရပ် ၊ ခံစားပိုင်ခွင့် အရပ်ရပ်ကို (၁၅) ရက်အတွင်း စနစ်တကျလွှဲပြောင်း ပေးရမည် ။

၈။ ကော်မတီဝင်များသည် အချိန်ပြည့်ကော်မတီတာဝန် ထမ်းဆောင်စဉ် အတွင်း နိုင်ငံရေးပါတီ တာဝန် ထမ်းဆောင်ခြင်းမပြုရ ။

၉။ ကော်မတီဝင်များ၏ အရည်အချင်း ၊ ကော်မတီဝင်အရေအတွက် ၊ ကော်မတီရွေးချယ်ဖွဲ့စည်းရန် နည်းလမ်း ၊ ကော်မတီဝင်ဖြစ်ခြင်း ၊ ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ မြို့နယ်ကော်မတီနှင့် ယာဉ်အမျိုးအစားအလိုက် ကော်မတီများ၏ သက်တမ်းတို့ကို နည်းဥပဒေဖြင့် သတ်မှတ်ရမည် ။

# မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ
## (၂၀၁၂ ခုနှစ် ၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၊ ၅။)
## ၁၃၇၄ ခုနှစ် ၊ တော်သလင်းလဆန်း ၁၂ ရက်
## (၂၀၁၂ ခုနှစ် ၊ စက်တင်ဘာလ ၂၇ ရက်)
## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ၊ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၆ အပိုဒ်ခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ မွန်ပြည်နယ်အတွင်း ပြေးဆွဲသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ။

## အခန်း (၁)
## အမည် ၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေဟု ခေါ်တွင်စေရမည် ။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ မွန်ပြည်နယ် တစ်ဝန်းလုံး၌ အာဏာတည် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် –

(က) **“ပြည်နယ်”** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည် ၊

(ခ) **“အစိုးရအဖွဲ့”** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည် ၊

(ဂ) **“ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး အဖွဲ့”** ဆိုသည်မှာ ၁၉၆၃ နှစ် ကုန်းလမ်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၉ အရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည် ၊

(ဃ) **"ဝန်ကြီး"** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **"ကော်မတီ"** ဆိုသည်မှာ မွန်ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(စ) **"ရုံးအကြီးအကဲ"** ဆိုသည်မှာ ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည် ။

(ဆ) **"မော်တော်ယာဉ်"** ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း ၊ အခြားစွမ်းအင် တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကိုဆိုသည်၊

(ဇ) **"ယာဉ်ပိုင်ရှင်"** ဆိုသည်မှာ ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားပြီး ကော်မတီ၏ ထိန်းသိမ်းကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေကြသော မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့် ယာဉ်၏ ပိုင်ရှင်ကိုဆိုသည် ၊

(ဈ) **"ယာဉ်လုပ်ငန်းလုပ်ကိုင်သူ"** ဆိုသည်မှာ ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ မှတ်ပုံတင်ပြီးသော ယာဉ်၏ပိုင်ရှင်ကိုယ်တိုင် သို့မဟုတ် ယင်းယာဉ်များကို တရားဝင်ငှားရမ်းပြီးယာဉ်ပြေးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်သူများကို ဆိုသည် ၊

(ည) **"ယာဉ်လုပ်သား"** ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်၌ ပြေးဆွဲလုပ်ကိုင်နေသော ယာဉ်တွင် ယာဉ်မောင်း ၊ ယာဉ်နောက်လိုက်အဖြစ် ကော်မတီက အသိအမှတ်ပြုထားခြင်းခံရသူများကို ဆိုသည် ၊



(ဋ) **"မော်တော်ယာဉ်လုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်ကို အသုံးပြု၍ စီးပွားရေးလုပ်ကိုင်သော မည်သည့်စီးပွားရေးလုပ်ငန်းမဆို ပါဝင်သည် ၊

(ဌ) **"ပုဂ္ဂလိကမော်တော်ယာဉ်"** ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှတစ်ပါး ကျန်ပုဂ္ဂလိကပိုင် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်၊

(ဍ) **"ကော်မတီရုံးဝန်ထမ်း"** ဆိုသည်မှာ ကော်မတီ၏ လုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီက အသိအမှတ်ပြုခန့်ထားသူများကို ဆိုသည် ၊

(ဎ) **"နည်းဥပဒေများ"** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့ကထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည် ၊

(ဏ) **"စီမံခန့်ခွဲရေးပြစ်ဒဏ်"** ဆိုသည်မှာ သတိပေးခြင်း ၊ ငွေဒဏ်ချမှတ်ခြင်း ၊ ယာဉ်ပြေးဆွဲမှု ကို ကာလသတ်မှတ်၍တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ်ပယ်ဖျက်ခြင်း ပြစ်ဒဏ်များကို ဆိုသည် ၊

(တ) **"မှတ်ပုံတင်"** ဆိုသည်မှာ ဤဥပဒေတွင် သီးခြားအဓိပ္ပာယ်ဖော်ပြထားခြင်း မရှိလျှင်မွန်ပြည်နယ်အတွင်းပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအလို့ငှာဤဥပဒေအရပြုလုပ်သည့် မှတ်ပုံတင်ခြင်းကို ဆိုသည် ။ ဤဥပဒေတွင် သီးခြားအဓိပ္ပာယ်ဖော်ပြထားလျှင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် ၊

(ထ) **"ရုံး"** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့်ကော်မတီ ၊ မြို့နယ်ကော်မတီ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ရုံးလုပ်ငန်း ဆောင်ရွက်သည့် ရုံးနှင့်ရုံးဌာနခွဲများကို ဆိုသည်။

(ဆ) ကော်မတီရုံးဝန်ထမ်းများနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ခြင်း ။

## အခန်း (၅)

## ဘဏ္ဍာရေးရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်း ၊ စာရင်းစစ်ဆေးခြင်း

၁၃။ ကော်မတီသည် နည်းဥပဒေများနှင့်အညီ ရှာဖွေကောက်ခံစုဆောင်းရရှိသော ငွေဖြင့်ရပ်တည်ရမည်၊ ရန်ပုံငွေခွဲဝေသုံးစွဲခြင်းကို နည်းဥပဒေများနှင့်အညီ သုံးစွဲရမည် ။

၁၄။ ကော်မတီသည် ငွေစာရင်း ၊ ပစ္စည်းစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိရမည် ။ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့် စာရင်းအင်းလုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ၊ နှစ်ချုပ်၊လချုပ် စာရင်းပြုစုခြင်းများကိုလည်းကောင်း ၊ လက်မှတ်ရစာရင်းအင်းကျွမ်းကျင်သူများနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၁၅။ ကော်မတီသည် ကော်မတီ၏စာရင်းကို လက်မှတ်ရစာရင်းစစ်ဖြင့် နှစ်စဉ်စစ်ဆေးခြင်းကို ဆောင်ရွက် ရမည် ။ ၎င်းအပြင်လိုအပ်ပါက အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးအပ် သူ၏ စစ်ဆေးခြင်းကို ခံယူရမည် ။စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၆။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိရမည်။

၁၇။ ရန်ပုံငွေသုံးစွဲရာတွင် အစည်းအဝေးဆုံးဖြတ်ချက်ရှိရမည် ။ ကော်မတီနှင့် မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သူများအကျိုး ၊ ဒေသဖွံ့ဖြိုးရေးအကျိုးကို ရည်ရွယ်၍ သုံးစွဲရမည် ။

၁၈။ ကော်မတီသည် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ ၊ ယာဉ်ပိုင်ရှင်များ ၊ ယာဉ်လုပ်သားများ ၊ ကော်မတီ ရုံးဝန်ထမ်းများ၏ လူမှုရေးလုပ်ငန်းများတွင် နည်းဥပဒေများ ညွှန်ကြားချက်များနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည် ။



၁၀။ မြို့နယ်ကော်မတီ ၊ ယာဉ်အမျိုးအစားအလိုက် ဖွဲ့စည်းသည့်ကော်မတီများ၏ လုပ်ငန်းတာဝန်များ နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေဖြင့် သတ်မှတ်ရမည် ။

## အခန်း (၃)

## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည် –

(က) မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင် ပြေးဆွဲရေးလုပ်ငန်းကို စနစ်တကျထိန်းသိမ်း ကြီးကြပ်ခြင်း ။

(ခ) ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်း၊

(ဂ) ခရီးသည်များ လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ခြင်း ။

(ဃ) ယာဉ်ပိုင်ရှင် ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ကော်မတီ ရုံးဝန်ထမ်းများ၏ ဘဝတိုးတက်စေရန် ကြိုးဆဆောင်ရွက်ခြင်း ။

(င) ယာဉ်လုပ်ငန်းလုပ်ကိုင်သူများအချင်းချင်း စနစ်တကျစုစည်း ညီညွတ်မှုရှိစေရန်ဆောင်ရွက်ခြင်း၊

(စ) ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်မှု လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ခေတ်မီပို့ဆောင်ရေးယာဉ်များ သုံးစွဲရေးနှင့် ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ခြင်း ။

(ဇ) ပြည်နယ်အတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပူးပေါင်း ဆောင်ရွက်ခြင်း ။

(ဈ) ကော်မတီ၏ထိန်းသိမ်းကြီးကြပ်မှုတွင် အကျုံးဝင်သည့်ယာဉ်နှင့် ယာဉ်လုပ်သားများအား တည်ဆဲဥပဒေများ ညွှန်ကြားချက်များနှင့်အညီ လိုက်နာစေရေးကို ဆောင်ရွက်ခြင်း ၊

(ည) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံလုပ်ငန်းများကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ထောင်လုပ်ကိုင်ခြင်း ၊

(ဋ) လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း ၊ ယာဉ်များလွှဲပြောင်း မှတ်ပုံတင်ခြင်း ၊ မှတ်ပုံတင်ပြီးသောယာဉ်များ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဌ) ကော်မတီ၏ရန်ပုံငွေ ၊ အဆောက်အဦ၊ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းကို နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း ၊

(ဍ) စာရင်းဇယား ၊ အစီရင်ခံစာ ၊ အစည်းအဝေးမှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း ၊

(ဎ) ကော်မတီသည် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ ယူပို့ဆောင်ရေးအဖွဲ့နှင့်လည်းကောင်း ၊ သက်ဆိုင်ရာဌာနများနှင့်လည်းကောင်း ၊ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း ၊ ယင်းတို့၏ ပေါင်းစပ်ညှိနှိုင်းမှုကို ကူညီဆောင်ရွက်ပေးခြင်း ၊

(ဏ) ကော်မတီအစည်းအဝေးများကို နည်းဥပဒေများပါအတိုင်း ကျင်းပခြင်း ၊



## အခန်း (၄)
## လုပ်ပိုင်ခွင့်များ

၁၂။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် –

(က) ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ မှတ်ပုံတင်ပြီး လုပ်ပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် ၊ အသင်း၊အဖွဲ့အစည်း၊ကုမ္ပဏီတို့ကို စာရင်းသွင်း မှတ်ပုံတင်၍ မော်တော်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း ၊

(ခ) ပြည်နယ်အတွင်း ပြေးဆွဲသောမော်တော်ယာဉ်များ ၊ ပြည်နယ်အတွင်းနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ဆက်စပ်ပြေးဆွဲသော မော်တော်ယာဉ်များကို စာရင်းသွင်း မှတ်ပုံတင်၍ လုပ်ကိုင်ခွင့်ပြုခြင်း ၊

(ဂ) စာရင်းသွင်း မှတ်ပုံတင်ပြီး ပြေးဆွဲသော မော်တော်ယာဉ်လုပ်ငန်း စနစ်ကျစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း ၊

(ဃ) ကော်မတီသည် ကော်မတီဝင်များ ၊ ကော်မတီရုံးဝန်ထမ်းများနှင့်တွဲဖက်ပြီး အဖွဲ့လိုက် ကွင်းဆင်းကြီးကြပ်ခြင်း ၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခြင်း ၊

(င) မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများ ၊ ရုံးနှင့်ရုံးဌာနခွဲများအားကြီးကြပ်ခြင်း ၊ စီမံခန့်ခွဲခြင်း ၊

(စ) ကော်မတီသည် မော်တော်ယာဉ်ပိုင်ရှင်များ ၊ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ ၊ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းကိစ္စရပ်များအတွင်း ဖြစ်ပွားသည့် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးခြင်း ၊

၁၉။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေ တိုးတက်စေရန် နည်းဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည် ။

၂၀။ ကော်မတီဝင်များ၏ ထောက်ပံ့ကြေးနှင့် ဝန်ထမ်းများအတွက် စရိတ်များကို နှစ်စဉ်ရရှိသော ဝင်ငွေ ၏ (၃၀ %)ထက်ကျော်လွန်၍ သုံးစွဲခြင်းမပြုရ။

## အခန်း (၆)

## ဝန်ထမ်းဖွဲ့စည်းပုံ

၂၁။ ကော်မတီသည်လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီး၏ သဘောတူအတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည် ။

၂၂။ ကော်မတီသည် ဝန်ထမ်းများ ခန့်ထားရာတွင် ကော်မတီကချမှတ်သည့် စည်းမျဉ်း စည်းကမ်းများ နှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။

၂၃။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လွှဲအပ်ဆောင်ရွက်စေနိုင်သည် ။

## အခန်း (၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၄။ မည်သူမဆို ဤဥပဒေ ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ ၊ စည်းမျဉ်း ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ ၊ အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ထင်ရှားလျှင် ကော်မတီက ထိုသူအား စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်နိုင်သည် ။

၂၅။ ကော်မတီက ချမှတ်သည့်စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် ဝန်ကြီးထံ ရက်ပေါင်း (၃၀)အတွင်း အယူခံ ဝင်နိုင်သည် ။ ဝန်ကြီးသည်ကော်မတီ၏ ဆုံးဖြတ်ချက်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အတည်ပြုခြင်း ၊ ပြင်ဆင်ခြင်း ၊ ပယ်ဖျက်ခြင်း ပြုနိုင်သည် ။

## အခန်း (၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ယာဉ်လိုင်းတစ်ခုခုသို့ မှတ်ပုံတင်စာရင်းသွင်းခြင်း မရှိဘဲ ယာဉ်ပြေးဆွဲခြင်းမပြုရ ။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို သုံးလ အထိ ထောင်ဒဏ် ဖြစ်စေ ၊ အနည်းဆုံးငွေဒဏ်ကျပ် ငါးသောင်းမှအများဆုံး ငွေဒဏ်ကျပ် သုံးသိန်းအထိ ဖြစ်စေ ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ အရေးယူသည့်ကိစ္စအတွက် ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

## အခန်း (၉)

## အထွေထွေ

၂၈။ ကော်မတီသည် ကိုယ်ပိုင်အမည်ဖြင့် ဥပဒေနှင့်အညီ ဆက်ခံခွင့် ၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်ရှိစေရမည် ။

၂၉။ ဤဥပဒေပုဒ်မ ၂၆ အရ အရေးယူသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည် ။

၃၀။ မွန်ပြည်နယ်အတွင်းရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့်ကော်မတီများထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော အဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်ရမည် ။

၃၁။ ကော်မတီ၏ ဆောင်ရွက်ချက်များသည် ဤဥပဒေ ၊ နည်းဥပဒေများနှင့် မဆန့်ကျင်သမျှ အတည် ဖြစ်သည် ။

၃၂။ ဤဥပဒေသည် ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ ၊ ၂၀၀၈ ခုနှစ် ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၈ နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည် ။



၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် –

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည် ။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည် ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ်အစိုးရ

# မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ

# စနစ်တကျပြေးဆွဲရေး နည်းဥပဒေများ

## နည်းဥပဒေ အမှတ် (၁ / ၂၀၁၃)

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ခရီးသည်တင်ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းများ လိုက်နာရမည့် စည်းကမ်းချက်များ | ၃၁ |
| | ယာဉ်နှင့်ယာဉ်ပိုင်ရှင် ၊ယာဉ်လုပ်သားများ လိုက်နာရမည့်စည်းကမ်းချက်များ | ၃၁ |
| ၉။ | အခန်း (၉) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း | ၃၁ |
| ၁၀။ | အခန်း (၁၀) | |
| | အထွေထွေ | ၃၄ |


## မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁) | |
| | အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | |
| | ကော်မတီများ၏ တည်နေရာ | ၂ |
| ၃။ | အခန်း (၃) | |
| | ယာဉ်လုပ်ငန်းများသတ်မှတ်ခြင်းနှင့် ကော်မတီ၊ မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများ ဖွဲ့စည်းခြင်း | ၃ |
| | မော်တော်ယာဉ်လုပ်ငန်းများ ဖွဲ့စည်းမှု | ၃ |
| | ကော်မတီရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း၊ ကော်မတီရွေးချယ်ခြင်း | ၅ |
| | ကော်မတီဝင်၏ အရည်အချင်းသတ်မှတ်ချက် | ၆ |
| | ကော်မတီရွေးချယ်ခြင်း | ၆ |
| | ကော်မတီဝင်အရေအတွက်နှင့် ဖွဲ့စည်းပုံ | ၈ |
| | ကော်မတီအတည်ပြုခြင်းနှင့် ကော်မတီသက်တမ်း | ၉ |
| | ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း ၊ နုတ်ထွက်ခြင်း | ၉ |
| | လစ်လပ်ကော်မတီဝင်အစားထိုးခြင်း | ၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မြို့နယ်ကော်မတီများရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့ | ၁၀ |
| | ဖွဲ့စည်းခြင်း နှင့်ကော်မတီရွေးချယ်ခြင်း | |
| | မြို့နယ်ကော်မတီဝင် အရည်အချင်းသတ်မှတ်ချက် | ၁၁ |
| | မြို့နယ်ကော်မတီရွေးချယ်ခြင်း | ၁၂ |
| | မြို့နယ်ကော်မတီဝင်အရေအတွက်နှင့် ဖွဲ့စည်းပုံ | ၁၃ |
| | မြို့နယ်ကော်မတီဝင်အဖြစ် အတည်ပြုခြင်းနှင့် | ၁၄ |
| | ကော်မတီသက်တမ်း | |
| | မြို့နယ်ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊နုတ်ထွက်ခြင်း | ၁၄ |
| | ယာဉ်အမျိုးအစားအလိုက်ကော်မတီများ ရွေးချယ်ပွဲ | ၁၅ |
| | ကြီးကြပ်ရေးအဖွဲ့၊ ဖွဲ့စည်းခြင်းနှင့် ကော်မတီရွေးချယ်ခြင်း | |
| | ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင် အရည်အချင်း | ၁၅ |
| | သတ်မှတ်ချက် | |
| | ယာဉ်အမျိုးအစားအလိုက် ကော်မတီရွေးချယ်ခြင်း | ၁၆ |
| | ယာဉ်အမျိုးအစားအလိုက် ကော်မတီအရေအတွက်နှင့် | ၁၆ |
| | ဖွဲ့စည်းပုံ | |
| | ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင်အဖြစ် | ၁၇ |
| | အတည်ပြုခြင်းနှင့် ကော်မတီသက်တမ်း | ၁၇ |
| | ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင်အဖြစ်မှ | ၁၇ |
| | ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လစ်လပ်ကော်မတီဝင် ၊ ယာဉ်အမျိုးအစားအလိုက် | ၁၈ |
| | ကော်မတီဝင် အစားထိုးခြင်း | |
| ၄။ | အခန်း (၄) | |
| | ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၈ |
| | မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက် | ၂၀ |
| | ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | |
| ၅။ | အခန်း (၅) | |
| | အစည်းအဝေးများ ကျင်းပပုံ | ၂၇ |
| | ကော်မတီအစည်းအဝေးများ ကျင်းပခြင်း | ၂၇ |
| | မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက် | ၂၈ |
| | ကော်မတီများ၏အစည်းအဝေးများ | |
| ၆။ | အခန်း (၆) | |
| | ဘဏ္ဍာရေးရန်ပုံငွေထိန်းသိမ်းခြင်း ၊ စာရင်းပြုစုခြင်း ၊ | ၂၉ |
| | စာရင်းစစ်ဆေးခြင်း | |
| ၇။ | အခန်း (၇) | |
| | ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း ၊ စည်းကမ်းများ | ၃၀ |
| ၈။ | အခန်း (၈) | |
| | စည်းကမ်းသတ်မှတ်ချက်များ | ၃၁ |

(ခ) မွန်ပြည်နယ်အတွင်းရှိသက်ဆိုင်ရာမြို့နယ်အတွင်း ယာဉ်လုပ်ငန်းလုပ်ကိုင်ရန် စာရင်းသွင်း မှတ်ပုံတင်ထားပြီး ခွင့်ပြုထားသည့် ယာဉ်များအား မြို့နယ်ကော်မတီအသီးသီး၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်များအဖြစ် သတ်မှတ်သည် ၊

(ဂ) ကျိုက်ထီးရိုးတောင်တက်လမ်းကြောင်းတွင် ပြေးဆွဲလုပ်ကိုင်ရန်စာရင်းသွင်းမှတ်ပုံတင်ထားပြီး ခွင့်ပြုထားသည့်ယာဉ်များအား ကျိုက်ထီးရိုးတောင်တက်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ၏ကြီးကြပ်မှုအောက်ရှိယာဉ်များအဖြစ် သတ်မှတ်သည် ၊

(ဃ) မော်လမြိုင်မြို့ရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ကုန်စည်ပို့ဆောင်ရေးယာဉ်လုပ်ငန်းများ ၊ အခြား ဒေသမှမော်လမြိုင်မြို့နယ်အတွင်းသို့ ဝင်ရောက် ၊ ထွက်ခွာနေသောကုန်စည်ပို့ဆောင်ရေး လုပ်ငန်းယာဉ်များကို မော်လမြိုင်မြို့နယ်ကုန်တင်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ကြီးကြပ်မှုအောက်ရှိလုပ်ငန်းနှင့် ယာဉ်များအဖြစ် သတ်မှတ်သည် ၊

(င) မော်လမြိုင်မြို့နယ်မှအပ ကျန်မြို့နယ်များရှိ ကုန်တင်ယာဉ်များ၊ သုံးဘီးယာဉ်များသည် သက်ဆိုင်ရာ မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် သတ်မှတ်ထားရှိသည် ၊

(စ) မော်လမြိုင်မြို့နယ်အတွင်း ပြေးဆွဲလုပ်ကိုင်ရန် စာရင်းသွင်းမှတ်ပုံတင်ထားပြီး ခွင့်ပြုထားသည့် သုံးဘီးမော်တော်ယာဉ်များနှင့် သုံးဘီးဆိုင်ကယ်များအား မော်လမြိုင်မြို့နယ်သုံးဘီးယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ကြီးကြပ်မှု အောက်ရှိ လုပ်ငန်းနှင့် ယာဉ်များအဖြစ် သတ်မှတ်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**နည်းဥပဒေအမှတ် ၊ ၁ / ၂၀၁၃**

**၁၃၇၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**

**(၂၀၁၃ ခုနှစ် ၊ ဧပြီလ ၁၀ ရက်)**

မွန်ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅ မွန်ပြည်နယ်အတွင်း ပုဂ္ဂလိက ယာဉ်များစနစ်တကျ ပြေးဆွဲရေး ဥပဒေပုဒ်မ ၃၃ (က) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် ။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည် ။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေတွင်ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် ။ ထို့အပြင် အောက်ဖော်ပြပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) ဥပဒေဆိုသည်မှာ မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေကိုဆိုသည် ။

(ခ) နည်းဥပဒေဆိုသည်မှာ မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေများကို ဆိုသည်။

(ဂ) မြို့နယ်ကော်မတီဆိုသည်မှာ မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီများကို ဆိုသည် ။

(ဃ) ယာဉ်အမျိုးအစားအလိုက် ကော်မတီ ဆိုသည်မှာ ကျိုက်ထီးရိုး တောင်တက်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ မော်လမြိုင်မြို့နယ် ကုန်တင်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ၊ မော်လမြိုင်မြို့နယ်သုံးဘီးယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့်လုပ်ငန်းလိုအပ်ချက်အရ ဤနည်းဥပဒေများနှင့်အညီယာဉ်အမျိုးအစားကို အခြေခံ၍ ဖွဲ့စည်းသည့်ကော်မတီများကို ဆိုသည်။

## အခန်း (၂)

## တည်နေရာဖော်ပြချက်

၃။ ကော်မတီ၏တည်နေရာကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် သတ်မှတ်ထားရှိသည် ။

၄။ မြို့နယ်ကော်မတီများနှင့် ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ တည်နေရာများကို အောက်ပါအတိုင်း သတ်မှတ်ထားရှိသည်-

(က) မြို့နယ်ကော်မတီများ၏ တည်နေရာများမှာ သက်ဆိုင်ရာမြို့နယ်တွင် သတ်မှတ်ထားရှိသည် ၊

(ခ) ကျိုက်ထီးရိုးတောင်တက်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏တည်နေရာကို ကျိုက်ထိုမြို့နယ် ၊ ကင်မွန်းစခန်းကျေးရွာတွင် သတ်မှတ်ထားရှိသည် ၊



(ဂ) မော်လမြိုင်မြို့နယ်ကုန်တင်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ၏ တည်နေရာကို မော်လမြိုင်မြို့တွင် သတ်မှတ်ထားရှိသည် ၊

(ဃ) မော်လမြိုင်မြို့နယ်သုံးဘီးယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ၏ တည်နေရာကို မော်လမြိုင်မြို့တွင် သတ်မှတ်ထားရှိသည် ၊

(င) ပြည်နယ်အခြေစိုက်နှင့် အခြားဒေသမှ ပြည်နယ်အတွင်းသို့ ယာဉ်လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသော မှန်လုံခရီးသည်တင်ယာဉ်လုပ်ငန်းများနှင့် အခြားခရီးသည်တင်ယာဉ်လုပ်ငန်းများ၏ တည်နေရာကို ယင်းတို့၏ ခရီးစဉ်အလိုက် ခွင့်ပြုချက်ပါအတိုင်း သတ်မှတ်ထားရှိသည် ။

## အခန်း (၃)

## ယာဉ်လုပ်ငန်းများသတ်မှတ်ခြင်းနှင့် ကော်မတီ၊ မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများဖွဲ့စည်းခြင်း

**မော်တော်ယာဉ်လုပ်ငန်းများ ဖွဲ့စည်းမှု**

၅။ ၁၉၆၃ ခုနှစ် ၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ခွင့်ပြုထားပြီး သည့် ယာဉ်များ၊ ယာဉ်လုပ်ငန်းများ၏ ဖွဲ့စည်းမှုကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) နည်းဥပဒေ ၄ (င) ပါ ယာဉ်လုပ်ငန်းများသည် ကော်မတီ၏ ကြီးကြပ်မှု အောက်တွင် စာရင်းသွင်း မှတ်ပုံတင်၍ ပြေးဆွဲခွင့်ပြုရန်သတ်မှတ်သည် ၊

(ဆ) ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ခြင်းခံရသူများ အမည်စာရင်းနှင့် ရွေးချယ်ခြင်း ဆောင်ရွက်မှုမှတ်တမ်းကို အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

(ဇ) နည်းဥပဒေ ၉ (င) ပါ ကော်မတီဝင် ၅ ဦးနှင့် မြို့နယ်ကော်မတီဥက္ကဋ္ဌများ၊ ယာဉ်အမျိုးအစား အလိုက်ကော်မတီဥက္ကဋ္ဌများသည် နည်းဥပဒေ ၁၀ အရ ကော်မတီဝင်များ ဖြစ်ကြသည်။

(ဈ) ရွေးချယ်ထားသည့် ကော်မတီအား အစိုးရအဖွဲ့က အတည်ပြုသည့် နေ့မှ (၁၅) ရက်အတွင်း ကော်မတီဟောင်းမှ ကော်မတီသစ်သို့ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လုပ်ငန်း တာဝန်များကို လွှဲပြောင်းရမည်။

(ည) ရွေးချယ်ပွဲကျင်းပရေးလုပ်ငန်း ကုန်ကျစရိတ်အား ကော်မတီ၏ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

**ကော်မတီဝင်အရေအတွက်နှင့် ဖွဲ့စည်းပုံ**

၁၀။ ကော်မတီဝင် အရေအတွက်နှင့် ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည် –

| | | | | |
|---|---|---|---|---|
| (က) | ဥက္ကဋ္ဌ | – | ၁ | ဦး |
| (ခ) | အတွင်းရေးမှူး | – | ၁ | ဦး |
| (ဂ) | တွဲဖက်အတွင်းရေးမှူး | – | ၁ | ဦး |
| (ဃ) | ဘဏ္ဍာရေးမှူး | – | ၁ | ဦး |
| (င) | စာရင်းစစ် | – | ၁ | ဦး |
| (စ) | ကော်မတီဝင် | – | ၁၃ | ဦး (မြို့နယ်ကော်မတီဥက္ကဋ္ဌများနှင့်ယာဉ်အမျိုးအစားအလိုက်ကော်မတီဥက္ကဋ္ဌများ) |



၆။ ကော်မတီ ၊ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ဥပဒေ၊ နည်းဥပဒေများ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရမည်။

**ကော်မတီရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကော်မတီ ရွေးချယ်ခြင်း**

၇။ ဥပဒေပုဒ်မ ၃ နှင့် နည်းဥပဒေများ အခန်း ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီရွေးချယ်ပွဲ ကြီးကြပ်ရေး အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည် –

| | | |
|---|---|---|
| (က) | ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိ (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိ (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိ (၁) ဦး | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဥပဒေချုပ်ရုံးမှ အရာရှိ (၁) ဦး | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဌာနခွဲမှူး၊ ကုန်းလမ်းပို့ဆောင်ရေး (ကုန်စည်) မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | လက်ထောက်မန်နေဂျာ၊ကုန်းလမ်းပို့ဆောင်ရေး (ခရီးသည်)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ၊ မွန်ပြည်နယ် | အတွင်းရေးမှူး |

**ကော်မတီဝင်၏ အရည်အချင်းသတ်မှတ်ချက်**

၈။ ကော်မတီဝင်အဖြစ် ပါဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ပြည်နယ်အခြေစိုက် ယာဉ်လုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂိုလ်၊ အသင်း၊ အဖွဲ့အစည်း ၊ ကုမ္ပဏီမှ ဖြစ်ရမည် ၊

(ခ) သက်ဆိုင်ရာ ယာဉ်လုပ်ငန်းတွင် ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး ဖြစ်ရမည်၊

(ဂ) အသက် (၂၅) နှစ်ပြည့်ပြီး (၇၀)နှစ်ထက်မကျော်လွန်ရ ။

(ဃ) ပြည်နယ်အခြေစိုက် ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် လုပ်သက် (၁)နှစ်ပြည့်ပြီးသူဖြစ်ရမည် ၊

(င) ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး ၊ ဘဏ္ဍာရေးမှူး တာဝန်ယူဆောင်ရွက် သူတို့သည် ကော်မတီလုပ်ငန်းကို အချိန်ပြည့် တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သူ ဖြစ်ရမည် ၊

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ယာဉ်လုပ်ငန်းလုပ်ကိုင်သူ အများ၏ ကြည်ညိုလေးစားခြင်းခံရသူ ဖြစ်ရမည်၊

(ဆ) အချိန်ပြည့်ကော်မတီတာဝန်ထမ်းဆောင်စဉ်အတွင်း နိုင်ငံရေး ပါတီ တာဝန်ထမ်းဆောင်ခြင်းမပြုရ။

**ကော်မတီရွေးချယ်ခြင်း**

၉။ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့သည် အောက်ဖော်ပြပါနည်းလမ်းများ အတိုင်း ကော်မတီဝင်များကို ရွေးချယ်ရမည် –

(က) ရွေးချယ်ပွဲ ကျင်းပပြုလုပ်မည့် နေ့ရက် ၊ အချိန် ၊ နေရာတို့ကို သတ်မှတ်ပြီး ရွေးချယ်ပွဲတွင် တက်ရောက်ခွင့်ရှိသော ကော်မတီတွင် မှတ်ပုံတင်ထားသည့် ပြည်နယ်အခြေစိုက် ယာဉ်လုပ်ငန်းတို့မှ ဥက္ကဋ္ဌ၊အတွင်းရေးမှူး နှင့် မြို့နယ် ကော်မတီများနှင့် ယာဉ်အမျိုးအစားလိုက် ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့အား (၇) ရက် ကြိုတင် ဖိတ်ကြား ရမည် ၊



(ခ) နည်းဥပဒေ ၈ ပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူ များသည် ကော်မတီဝင်အဖြစ်ပါဝင် ဆောင်ရွက်လိုပါက (၃) ရက်ကြိုတင် အမည်စာရင်းတင်သွင်းရမည် ၊

(ဂ) ကော်မတီဝင်အဖြစ် အမည်စာရင်းတင်သွင်းခြင်းကို ရွေးချယ်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ (၂) ရက်ကြိုတင်ပြီး သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီမှု ရှိ ၊ မရှိ စိစစ်ရမည် ၊

(ဃ) ကော်မတီဝင်လောင်းအမည်စာရင်းကို ရွေးချယ်ပွဲကြီးကြပ် ရေးအဖွဲ့မှ စိစစ်ပြီး ရွေးချယ်ပွဲမတိုင်မီ (၂) ရက်ကြိုတင်၍ အတည်ပြုထုတ်ပြန်ပေးရမည် ၊

(င) ရွေးချယ်ပွဲတွင် ပြည်နယ်အခြေစိုက် နည်းဥပဒေ ၄ (င) ပါ ယာဉ်လုပ်ငန်းများမှ ကိုယ်စားလှယ် ၂ ဦးစီနှင့် မြို့နယ် ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က ကော်မတီဝင်လောင်း အမည်စာရင်းပါ ပုဂ္ဂိုလ်များထဲမှ ကော်မတီဝင် ၅ ဦးကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်၊

(စ) နည်းဥပဒေ ၉ (င) ပါ ကော်မတီဝင် ၅ ဦးထဲမှ ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး ၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး ၊ စာရင်းစစ်တာဝန်များကို နည်းဥပဒေ ၉ (ဇ) ပါ ကော်မတီဝင် များက လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်ရမည် ၊

## မြို့နယ်ကော်မတီရွေးချယ်ခြင်း

၁၇။ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့သည်အောက်ဖော်ပြပါနည်းလမ်းများအတိုင်း မြို့နယ်ကော်မတီဝင်များကို ရွေးချယ်ရမည် –

(က) ကော်မတီရွေးချယ်ပွဲ ကျင်းပမည့်နေ့ရက် ၊ အချိန် ၊ နေရာတို့ကိုသတ်မှတ်ပြီး (၇) ရက်ကြိုတင်၍သက်ဆိုင်ရာ မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင်ယာဉ်ပိုင်ရှင်များအားလုံးကို ဖိတ်ကြားရမည် ၊

(ခ) နည်းဥပဒေ ၁၆ ပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုပါက (၃) ရက်ကြိုတင် အမည်စာရင်းတင်သွင်းရမည် ၊

(ဂ) သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ မည်သူမဆိုကော်မတီဝင်အဖြစ် ပါဝင်ရွေးချယ်ခံပိုင်ခွင့်ရှိသည်၊

(ဃ) မြို့နယ်ကော်မတီဝင်လောင်း အမည်စာရင်းကို ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့မှ စိစစ်ပြီး ရွေးချယ်ပွဲ မတိုင်မီ (၂) ရက်ကြိုတင်၍ အတည်ပြုထုတ်ပြန်ပေးရမည် ၊

(င) ရွေးချယ်ပွဲတွင် သက်ဆိုင်ရာမြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင် ယာဉ်ပိုင်ရှင် ထက်ဝက်ကျော် တက်ရောက်မှ ရွေးချယ်ပွဲ ထမြောက်သည် ၊

(စ) မြို့နယ်ကော်မတီဝင်လောင်း အမည်စာရင်းပါ ပုဂ္ဂိုလ်များထဲမှ ကော်မတီဝင် ၅ ဦးအား အဖွဲ့ဝင် ယာဉ်ပိုင်ရှင်များမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်၊



## ကော်မတီကို အတည်ပြုခြင်းနှင့် ကော်မတီသက်တမ်း

၁၁။ ကော်မတီကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တာဝန်ပေးအပ်ရမည်။

၁၂။ ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့က အတည်ပြုသည့်နေ့မှစ၍ (၄)နှစ် ဖြစ်သည်။ ကော်မတီဝင် တစ်ဦးသည် ကော်မတီသက်တမ်း တစ်ဆက်တည်း သုံးကြိမ်ထက်မပိုစေရ ။

## ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း ၊ နုတ်ထွက်ခြင်း

၁၃။ ကော်မတီဝင်တစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မတီဝင်အဖြစ်မှ ရပ်စဲရမည် –

(က) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း ၊

(ခ) ကွယ်လွန်ခြင်း ၊

(ဂ) ရူးသွပ်ခြင်း ၊

(ဃ) ကော်မတီ၏နယ်နိမိတ်မှ အမြဲတမ်းပြောင်းရွှေ့သွားခြင်း ၊

(င) ယာဉ်လုပ်ငန်းဆက်လက်မလုပ်ကိုင်တော့ခြင်း၊

(စ) တာဝန်နှင့်လုပ်ပိုင်ခွင့်အား အလွဲသုံးစားပြုလုပ်ခြင်း ၊ အကျင့်စာရိတ္တပျက်ပြားခြင်း ၊

(ဆ) တာဝန်ထမ်းဆောင်စဉ် ပြစ်မှုတစ်ခုခုကြောင့် ထောင်ဒဏ်ကျခံရခြင်း ။

## လစ်လပ်ကော်မတီဝင် အစားထိုးခြင်း

၁၄။ ကော်မတီဝင်တစ်ဦးဦး လစ်လပ်ခဲ့ပါက နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါ အတိုင်း အစားထိုးရမည် –

(က) ကော်မတီဝင်လစ်လပ်နေရာအား နည်းဥပဒေ ၉ ပါ နည်းလမ်းများအတိုင်း အစားထိုး ရွေးချယ်ရမည် ၊

(ခ) ရွေးချယ်ခြင်းခံရသော လစ်လပ်ကော်မတီဝင်နေရာအား အစားထိုးရန် ဝန်ကြီးသည် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည် ၊

(ဂ) အစားထိုးကော်မတီဝင်၏ သက်တမ်းမှာ ကျန်ရှိသော ကော်မတီသက်တမ်းကာလအတိုင်းဖြစ်သည်။

**မြို့နယ်ကော်မတီများ ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကော်မတီရွေးချယ်ခြင်း**

၁၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းဆောင်ရွက်ရမည် –

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာခရိုင်ဦးစီးမှူး ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | သက်ဆိုင်ရာခရိုင်ဦးစီးမှူး ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | သက်ဆိုင်ရာမြို့နယ်ဥပဒေရုံးမှ အရာရှိ (၁)ဦး | အဖွဲ့ဝင် |
| (င) | သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးမှ အရာရှိ (၁) ဦး | အဖွဲ့ဝင် |



| | | |
|---|---|---|
| (ဆ) | သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ အမှုဆောင်အရာရှိ | အဖွဲ့ဝင် |
| (ဇ) | သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

**မြို့နယ်ကော်မတီဝင် အရည်အချင်းသတ်မှတ်ချက်**

၁၆။ မြို့နယ်ကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) သက်ဆိုင်ရာမြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင် ယာဉ်ပိုင်ရှင်ဖြစ်ရမည် ၊

(ခ) သက်ဆိုင်ရာ မြို့နယ်အတွင်းနေထိုင်သူ ဖြစ်ရမည် ၊

(ဂ) မိမိယာဉ်လုပ်ငန်းတွင် အဆုံးအဖြတ်ပေးနိုင်သူဖြစ်ရမည့်အပြင် ကော်မတီလုပ်ငန်းတွင် ပါဝင်နိုင်သူဖြစ်ရမည် ၊

(ဃ) ကော်မတီလုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နိုင်သူ ဖြစ်ရမည် ၊

(င) အသက် (၂၅)နှစ်ပြည့်ပြီး (၇၀)နှစ်ထက်မကျော်ရ၊

(စ) ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် ယာဉ်ပိုင်ရှင်လုပ်သက် (၁) နှစ် ပြည့်ပြီးသူဖြစ်ရမည် ၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်ပြီး ယာဉ်လုပ်ငန်း လုပ်ကိုင်သူအများ၏ ကြည်ညိုလေးစားခြင်းခံသူ ဖြစ်ရမည် ၊

(ဇ) အချိန်ပြည့် ကော်မတီတာဝန်ထမ်းဆောင်စဉ်အတွင်း နိုင်ငံရေးပါတီ တာဝန် ထမ်းဆောင်ခြင်းမပြုရ ။

(ဇ) အချိန်ပြည့် ကော်မတီတာဝန်ထမ်းဆောင်စဉ်အတွင်း နိုင်ငံရေးပါတီ တာဝန်ထမ်းဆောင်ခြင်းမပြုရ။

**ယာဉ်အမျိုးအစားအလိုက်ကော်မတီရွေးချယ်ခြင်း**

၂၄။ ယာဉ်အမျိုးအစားအလိုက်ကော်မတီရွေးချယ်ခြင်းကို နည်းဥပဒေ ၁၇ ပါနည်းလမ်းများအတိုင်း ရွေးချယ်ရ မည် ။

**ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင် အရေအတွက်နှင့် ဖွဲ့စည်းပုံ**

၂၅။ မြို့နယ်ကုန်တင်ယာဉ်၊ မြို့နယ်သုံးဘီးယာဉ် အမျိုးအစားအလိုက် ကော်မတီကို ကော်မတီဝင် ၅ ဦးဖြင့် အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းရမည် –

| | | | | |
|---|---|---|---|---|
| (က) | ဥက္ကဋ္ဌ | – | ၁ | ဦး |
| (ခ) | အတွင်းရေးမှူး | – | ၁ | ဦး |
| (ဂ) | တွဲဖက်အတွင်းရေးမှူး | – | ၁ | ဦး |
| (ဃ) | ဘဏ္ဍာရေးမှူး | – | ၁ | ဦး |
| (င) | စာရင်းစစ် | – | ၁ | ဦး |

၂၆။ ကျိုက်ထီးရိုးတောင်တက်ယာဉ်လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ကော်မတီဝင် (၂၁) ဦးဖြင့် အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းရမည် –

| | | | | |
|---|---|---|---|---|
| (က) | ဥက္ကဋ္ဌ | – | ၁ | ဦး |
| (ခ) | ဒုဥက္ကဋ္ဌ | – | ၁ | ဦး |
| (ဂ) | အတွင်းရေးမှူး | – | ၁ | ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | – | ၁ | ဦး |
| (င) | ဘဏ္ဍာရေးမှူး | – | ၁ | ဦး |



(ဆ) ရွေးချယ်ပွဲတွင် မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင်ယာဉ်ပိုင်ရှင် ကိုယ်တိုင် ဆန္ဒမဲပေးရမည် ၊

(ဇ) နည်းဥပဒေ ၁၇ (စ)ပါ ကော်မတီဝင် ၅ ဦးထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး ၊ စာရင်းစစ် တို့ကို မိမိတို့အထဲမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည် ၊

(ဈ) ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ခံရသူများ အမည်စာရင်းနှင့် ရွေးချယ်ခြင်း ဆောင်ရွက်မှု မှတ်တမ်းကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည် ၊

(ည) ရွေးချယ်ထားသည့် မြို့နယ်ကော်မတီအား အစိုးရအဖွဲ့က အတည်ပြုသည့်နေ့မှ (၁၅) ရက်အတွင်း ကော်မတီဟောင်းမှ ကော်မတီသစ်သို့ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လုပ်ငန်း တာဝန်များကို လွှဲပြောင်းရမည် ၊

(ဋ) ရွေးချယ်ပွဲကျင်းပရေးလုပ်ငန်း ကုန်ကျစရိတ်အား မြို့နယ်ကော်မတီ၏ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

**မြို့နယ်ကော်မတီဝင် အရေအတွက်နှင့် ဖွဲ့စည်းပုံ**

၁၈။ မြို့နယ်ကော်မတီကို ကော်မတီဝင် ၅ ဦးဖြင့် အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းရမည်–

| | | | | |
|---|---|---|---|---|
| (က) | ဥက္ကဋ္ဌ | – | ၁ | ဦး |
| (ခ) | အတွင်းရေးမှူး | – | ၁ | ဦး |
| (ဂ) | တွဲဖက်အတွင်းရေးမှူး | – | ၁ | ဦး |
| (ဃ) | ဘဏ္ဍာရေးမှူး | – | ၁ | ဦး |
| (င) | စာရင်းစစ် | – | ၁ | ဦး |

**မြို့နယ်ကော်မတီဝင်အဖြစ် အတည်ပြုခြင်းနှင့် ကော်မတီသက်တမ်း**

၁၉။ မြို့နယ်ကော်မတီကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တာဝန်ပေးအပ်ရမည် ။

၂၀။ မြို့နယ်ကော်မတီဝင်များ၏ သက်တမ်းမှာ ကော်မတီသက်တမ်းအတိုင်းဖြစ်သည် ။ ကော်မတီဝင်တစ်ဦး သည် ကော်မတီသက်တမ်း တစ်ဆက်တည်း သုံးကြိမ်ထက်မပိုစေရ ။

**မြို့နယ်ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း**

၂၁။ မြို့နယ်ကော်မတီဝင်တစ်ဦးသည် အောက်ဖော်ပြပါအကြောင်းတစ် ရပ်ရပ်ပေါ်ပေါက်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မတီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မြို့နယ်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း ၊

(ခ) ကွယ်လွန်ခြင်း ၊

(ဂ) ရူးသွပ်ခြင်း ၊

(ဃ) မြို့နယ်ကော်မတီ၏နယ်နိမိတ်မှ အမြဲတမ်းပြောင်းရွှေ့သွားခြင်း ၊

(င) ယာဉ်လုပ်ငန်းဆက်လက်မလုပ်ကိုင်တော့ခြင်း၊

(စ) တာဝန်နှင့်လုပ်ပိုင်ခွင့်အား အလွဲသုံးစားပြုလုပ်ခြင်း ၊ အကျင့်စာရိတ္တပျက်ပြားခြင်း ၊

(ဆ) တာဝန်ထမ်းဆောင်စဉ် ပြစ်မှုတစ်ခုခုကြောင့် ထောင်ဒဏ်ကျခံရခြင်း ။



**ယာဉ်အမျိုးအစားအလိုက် ကော်မတီများ ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကော်မတီ ရွေးချယ်ခြင်း**

၂၂။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယာဉ်အမျိုးအစားအလိုက်ကော်မတီ ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ကို နည်းဥပဒေ ၁၅ ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည် ။

**ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင် အရည်အချင်းသတ်မှတ်ချက်**

၂၃။ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ဆိုင်ရာယာဉ်အမျိုးအစားအလိုက်ကော်မတီတွင် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင် ယာဉ်ပိုင်ရှင် ၊ နည်းဥပဒေ ၅ (ဃ) ပါ လုပ်ငန်းလုပ်ကိုင်သူ ဖြစ်ရမည် ၊

(ခ) သက်ဆိုင်ရာ မြို့နယ်အတွင်းနေထိုင်သူ ဖြစ်ရမည် ၊

(ဂ) မိမိယာဉ်လုပ်ငန်းတွင် အဆုံးအဖြတ်ပေးနိုင်သူဖြစ်ရမည့်အပြင် ယာဉ်အမျိုးအစားအလိုက် ကော်မတီလုပ်ငန်းတွင် ပါဝင်နိုင်သူဖြစ်ရမည် ၊

(ဃ) ယာဉ်အမျိုးအစားအလိုက် ကော်မတီလုပ်ငန်းတာဝန်များကို အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(င) အသက် (၂၅)နှစ်ပြည့်ပြီး (၇၀)နှစ်ထက်မကျော်ရ၊

(စ) ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် ယာဉ်ပိုင်ရှင် လုပ်ငန်းလုပ်သက် (၁)နှစ်ပြည့်ပြီးသူ ဖြစ်ရမည် ၊

(ဆ) အကျင့်စာရိတ္တကောင်းမွန်ပြီး ယာဉ်လုပ်ငန်း လုပ်ကိုင်သူအများ၏ ကြည်ညိုလေးစားခြင်းခံရသူ ဖြစ်ရမည် ။

(ဋ) လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း ၊ ယာဉ်များလွှဲပြောင်းမှတ်ပုံတင်ခြင်း ၊ မှတ်ပုံတင်ပြီးသော ယာဉ်များ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးတို့ကို ဆောင်ရွက်ခြင်း ၊

(ဌ) ကော်မတီ၏ ရန်ပုံငွေ ၊ အဆောက်အဦ ၊ ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းကို သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်ခြင်း ၊

(ဍ) စာရင်းဇယား ၊ အစီရင်ခံစာ ၊ အစည်းအဝေးမှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း ၊ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးဆောင်ရွက်ခြင်း ၊

(ဎ) ကော်မတီသည် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး အဖွဲ့နှင့်လည်းကောင်း ၊ သက်ဆိုင်ရာဌာနများနှင့်လည်းကောင်း ၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း ၊ ယင်းတို့၏ ပေါင်းစပ်ညှိနှိုင်းမှုကို ကူညီဆောင်ရွက်ပေးခြင်း ၊

၃၂။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် –

(က) ၁၉၆၃ ခုနှစ် ၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေအရ မှတ်ပုံတင်ပြီးလုပ်ကိုင်ခွင့်ရှိသော မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူ ၊ ပုဂ္ဂိုလ် ၊ အသင်း၊အဖွဲ့ အစည်း၊ ကုမ္ပဏီတို့ကို စာရင်းသွင်းမှတ်ပုံတင်၍ မော်တော်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်း ၊



(စ) စာရင်းစစ် – ၂ ဦး

(ဆ) ကော်မတီဝင် – ၁၄ ဦး

**ယာဉ်အမျိုးအစားလိုက် ကော်မတီဝင်အဖြစ် အတည်ပြုခြင်းနှင့် ကော်မတီသက်တမ်း**

၂၇။ ယာဉ်အမျိုးအစားအလိုက် ကော်မတီကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တာဝန်ပေးအပ်ရမည် ။

၂၈။ ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင်များ၏ သက်တမ်းမှာ ကော်မတီသက်တမ်းအတိုင်းဖြစ်သည် ။ ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင်တစ်ဦးသည် ကော်မတီသက်တမ်းတစ်ဆက်တည်း သုံးကြိမ်ထက်မပိုစေရ။

**ယာဉ်အမျိုးအစားလိုက် ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း**

၂၉။ ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင်တစ်ဦးသည် အောက်ဖော်ပြပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မတီဝင်အဖြစ်မှ ရပ်စဲရမည် –

(က) ယာဉ်အမျိုးအစားအလိုက် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း ၊

(ခ) ကွယ်လွန်ခြင်း ၊

(ဂ) ရူးသွပ်ခြင်း ။

(ဃ) မြို့နယ်ကော်မတီ၏နယ်နိမိတ်မှ အမြဲတမ်းပြောင်းရွှေ့သွားခြင်း ၊

(င) ယာဉ်လုပ်ငန်းဆက်လက်မလုပ်ကိုင်တော့ခြင်း၊

(စ) တာဝန်နှင့်လုပ်ပိုင်ခွင့်အား အလွဲသုံးစားပြုလုပ်ခြင်း ၊ အကျင့်စာရိတ္တပျက်ပြားခြင်း ၊

(ဆ) တာဝန်ထမ်းဆောင်စဉ် ပြစ်မှုတစ်ခုခုကြောင့် ထောင်ဒဏ်ကျခံရခြင်း ။

**လစ်လပ်မြို့နယ်ကော်မတီဝင် ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင် အစားထိုးခြင်း**

၃၀။ မြို့နယ်ကော်မတီဝင်၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင်တစ်ဦးဦး လစ်လပ်ခဲ့ပါက နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း အစားထိုးရမည် –

(က) မြို့နယ်ကော်မတီဝင် ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင် လစ်လပ်နေရာအား နည်းဥပဒေ ၁၇ ပါ နည်းလမ်းများအတိုင်း အစားထိုး ရွေးချယ်ရမည် ၊

(ခ) ရွေးချယ်ခြင်းခံရသော လစ်လပ်မြို့နယ်ကော်မတီဝင်၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင် နေရာအား အစားထိုးရန် ဝန်ကြီးသည် အစိုးရ အဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည် ၊

(ဂ) အစားထိုးမြို့နယ်ကော်မတီဝင်၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင်၏ သက်တမ်းမှာ ကျန်ရှိသော ကော်မတီသက်တမ်းကာလအတိုင်းဖြစ်သည်၊

## အခန်း (၄)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၁။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည် –

(က) မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပြေးဆွဲရေးလုပ်ငန်းကို စနစ်တကျထိန်းသိမ်းကြီးကြပ်ခြင်း ၊



(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း ၊

(ဂ) ခရီးသည်များ လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ခြင်း ၊

(ဃ) ယာဉ်ပိုင်ရှင် ၊ ယာဉ်မောင်း ၊ ယာဉ်နောက်လိုက်နှင့် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ ၊ ကော်မတီရုံးဝန်ထမ်းများ၏ ဘဝတိုးတက်စေရန် ကြံဆဆောင်ရွက်ခြင်း ၊

(င) ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ အချင်းချင်း စနစ်တကျ စုစည်းညီညွတ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(စ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း ၊

(ဆ) ခေတ်မီပို့ဆောင်ရေးယာဉ်များ သုံးစွဲရေးနှင့် ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ခြင်း ၊

(ဇ) ပြည်နယ်အတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပူးပေါင်း ဆောင်ရွက်ခြင်း ၊

(ဈ) ကော်မတီ၏ထိန်းသိမ်းကြီးကြပ်မှုတွင် အကျုံးဝင်သည့် ယာဉ်နှင့် ယာဉ်လုပ်သားများအား တည်ဆဲ ဥပဒေများ ညွှန်ကြားချက်များနှင့်အညီ လိုက်နာစေရေးကို ဆောင်ရွက်ခြင်း ၊

(ည) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံလုပ်ငန်းများကို ဝန်ကြီးမှ တဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ထောင်လုပ်ကိုင်ခြင်း ၊

(၁၅) မော်တော်ယာဉ်လိုင်းများ ခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်း၊ ခရီးစဉ်သစ်များ လျှောက်ထားခြင်းကို တည်ရှိပြီး မြို့နယ်ယာဉ်လိုင်းများ ပြေးဆွဲနေခြင်းအခြေအနေတို့ အပေါ် စိစစ်လေ့လာပြီး ကော်မတီသို့ သဘောထား တင်ပြခြင်း ၊

(၁၆) မြို့နယ်အတွင်း မော်တော်ယာဉ်များ ရပ်နား၊ထွက်ခွာ ဂိတ်နေရာများအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ၊မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၊ မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီတို့နှင့် ပေါင်းစပ် ညှိနှိုင်းပြီးသတ်မှတ်ပေးခြင်း ၊ ခွင့်ပြုထားသည့် ယာဉ် များ စနစ် တကျရပ်နား/ ထွက်ခွာပြေးဆွဲရေး သတ်မှတ်ချက်အတိုင်းစည်းကမ်းထိန်းသိမ်း ကြီးကြပ်ခြင်း ၊

(၁၇) သက်ဆိုင်ရာမြို့နယ်အတွင်း ယာဉ်စည်းကမ်း ၊ လမ်း စည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်မရှိပြေးဆွဲနေသော ယာဉ်များအား မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီများ နှင့်ပူးပေါင်း၍ စစ်ဆေးအရေးယူဆောင်ရွက်ခြင်း ။

(ခ) **လုပ်ပိုင်ခွင့်များ**

(၁) ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေအရ မှတ်ပုံတင်ပြီး ကော်မတီမှ ခွင့်ပြုထားသော ယာဉ် လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ကြီးကြပ်ခြင်း ၊



(ခ) ပြည်နယ်အတွင်း ပြေးဆွဲသောမော်တော်ယာဉ်များ ၊ ပြည်နယ် အတွင်းနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ဆက်စပ်ပြေးဆွဲသော မော်တော်ယာဉ်များကို စာရင်းသွင်း မှတ်ပုံတင်၍ လုပ်ကိုင်ခွင့်ပြုခြင်း ၊

(ဂ) စာရင်းသွင်းမှတ်ပုံတင်ပြီး ပြေးဆွဲသော မော်တော်ယာဉ် လုပ်ငန်း စနစ်ကျစေရေး ၊ အဆင်ပြေ ချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း ၊

(ဃ) ကော်မတီသည် ကော်မတီဝင်များ ၊ ကော်မတီရုံးဝန်ထမ်းများ၊ မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစား အလိုက်ကော်မတီ များနှင့်တွဲဖက်ပြီး အဖွဲ့လိုက်ကွင်းဆင်း ကြီးကြပ်ခြင်း ၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခြင်း ၊

(င) မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီ များ ၊ ရုံးနှင့်ရုံးဌာနခွဲများအား ကြီးကြပ်ခြင်း ၊ စီမံခန့်ခွဲခြင်း။

(စ) ကော်မတီသည် မော်တော်ယာဉ်ပိုင်ရှင်များ ၊ မော်တော်ယာဉ် လုပ်ငန်းလုပ်ကိုင်သူများ ၊ ယာဉ် ပြေးဆွဲခြင်းလုပ်ငန်းကိစ္စ ရပ်များအတွင်း ဖြစ်ပွားသည့် အငြင်းပွားမှုများကို ညှိနှိုင်း ဖြေရှင်းပေးခြင်း၊

(ဆ) ကော်မတီရုံးဝန်ထမ်းများနှင့်ပတ်သက်သည့် စည်းမျဉ်း ၊ စည်းကမ်းထုတ်ပြန်ခြင်း ။

၃၃။ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများသည် အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့် များကို ဥပဒေ ၊ နည်းဥပဒေ၊ သတ်မှတ်ချက် များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည် -

(က) **လုပ်ငန်းတာဝန်များ**

(၁) မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများ၏ ကြီးကြပ်မှုအောက် ပြေးဆွဲလျက်ရှိသော ခရီးစဉ်အလိုက် ယာဉ်များ နေ့စဉ် ခရီးစဉ်ပြေးဆွဲမှုများအား ကြီးကြပ်ခြင်း ၊

(၂) ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်း ခရီးစဉ်အလိုက် ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များ နေ့စဉ်ဂိတ်ထွက်စာရင်း ၊ ယာဉ်လုပ်သားစာရင်းတို့အား သတင်းပို့မှတ်တမ်း စာအုပ်ဖြင့် သတ်မှတ်စည်းကမ်းများအတိုင်း စနစ်တကျပြေးဆွဲရေးအတွက် ကြီးကြပ်ခြင်း၊

(၃) ခရီးသည်များ လမ်းသွား လမ်းလာများဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ခြင်း ၊

(၄) ယာဉ်ပိုင်ရှင် ၊ သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ ၊ ယာဉ်လုပ်သားများ ၊ ရုံးဝန်ထမ်းများတို့၏ ဘဝတိုးတက်စေရန်ကြံဆ ဆောင်ရွက်ခြင်း ၊

(၅) ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ အချင်းချင်း စနစ်တကျ စုစည်းညီညွတ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(၆) ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်းထိန်းသိမ်း ကြီးကြပ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၇) ခေတ်မီပို့ဆောင်ရေးယာဉ်များ သုံးစွဲရန်နှင့် ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်းစေရန် ပူးပေါင်း ဆောင်ရွက်ခြင်း ၊



(၈) ပြည်နယ်အတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပူးပေါင်း ဆောင်ရွက်ခြင်း၊

(၉) ယာဉ်လုပ်ငန်းထိန်းသိမ်းကြီးကြပ်မှုတွင် အကျုံးဝင်သည့်ယာဉ်နှင့် ယာဉ်လုပ်သားများအား တည်ဆဲဥပဒေ၊နည်းဥပဒေများ၊ညွှန်ကြားချက်များနှင့်အညီ လိုက်နာစေရေး ဆောင်ရွက်ခြင်း၊

(၁၀) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံတိုးချဲ့ဆောင်ရွက်ခြင်းကို ကော်မတီသို့ တင်ပြပြီး ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ထောင်လုပ်ကိုင်ခြင်း ၊

(၁၁) လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ယာဉ်များ လွှဲပြောင်းမှတ်ပုံတင်ခြင်း ၊ မှတ်ပုံတင်ပြီးသော ယာဉ်များ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း ၊

(၁၂) ရန်ပုံငွေ ၊ အဆောက်အဦ ၊ ပစ္စည်းများထိန်းသိမ်းသုံးစွဲခြင်းကို နည်းဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း ၊

(၁၃) စာရင်းဇယား၊အစီရင်ခံစာ ၊ အစည်းအဝေးမှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း ၊

(၁၄) လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ယင်းတို့၏ ပေါင်းစပ်ညှိနှိုင်းမှုကို ကူညီဆောင်ရွက်ပေးခြင်း ၊

(ဂ) နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၂)လအတွင်း နှစ်ပတ်လည်အစည်းအဝေးကို ခေါ်ယူကျင်းပရမည် ။

**မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ အစည်းအဝေးများ**

၃၉။ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ အစည်းအဝေးများကို အောက်ပါ အတိုင်း ကျင်းပရမည် –

(က) ပုံမှန်အစည်းအဝေးကို (၁၅) ရက် တစ်ကြိမ် ကျင်းပပြုလုပ်ရမည် ။ လိုအပ်ပါက လိုအပ်သလို အစည်းအဝေးခေါ်ယူကျင်းပနိုင်သည် ၊

(ခ) နှစ်စဉ်ဘဏ္ဍာရေး နှစ်ကုန်ဆုံးပြီး (၁) လအတွင်းအဖွဲ့ဝင်ယာဉ်ပိုင်ရှင်များ သို့မဟုတ် ယာဉ်လုပ်ငန်း လုပ်ကိုင်သူများပါဝင်သော နှစ်ပတ်လည်အစည်းအဝေးကို ခေါ်ယူကျင်းပရမည် ၊

(ဂ) အဖွဲ့ဝင်ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်လုပ်ငန်း လုပ်ကိုင်သူများ၊ ယာဉ်လုပ်သားများ၊ ရုံးဝန်ထမ်းများနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများ ၊ လူမှုရေးဆိုင်ရာများနှင့် အထွေထွေကိစ္စရပ်များ တွေ့ဆုံဆွေးနွေးနိုင်ရန် တွေ့ဆုံဆွေးနွေးပွဲကို (၆) လ ၁ ကြိမ် ခေါ်ယူကျင်းပရမည်။

၄၀။ ကော်မတီ ၊ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို သီးခြား သတ်မှတ်ပေးရမည် ။



(၂) သက်ဆိုင်ရာမြို့နယ်အတွင်း ပြေးဆွဲသော မော်တော်ယာဉ်များ ၊ မြို့နယ်တွင်း၊မြို့နယ်ကျော် ပြေးဆွဲရန် ခွင့်ပြုထားသည့် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးအတွက် စာရင်း သွင်းမှတ်ပုံတင်၍ လုပ်ကိုင် ခွင့်ပြုခြင်း ၊

(၃) စာရင်းသွင်းမှတ်ပုံတင်ပြီးပြေးဆွဲသော မော်တော်ယာဉ် လုပ်ငန်း စနစ်တကျဖြစ်စေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း ၊

(၄) နည်းဥပဒေ ၃၂ (ဃ)ပါသတ်မှတ်ချက်နှင့်အညီ အဖွဲ့လိုက်ကွင်းဆင်းကြီးကြပ်ခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခြင်း ၊

(၅) မြို့နယ်ကော်မတီရုံး ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီရုံး ၊ ဂိတ်များ ၊ လုပ်ငန်းများ သတ်မှတ်ထားသည့် ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း ၊ စီမံခန့်ခွဲခြင်း ၊

(၆) ယာဉ်ပိုင်ရှင်များ သို့မဟုတ်ယာဉ်လုပ်ငန်း လုပ်ကိုင်သူများ ယာဉ်လုပ်သားများ ၊ ယာဉ် ပြေးဆွဲခြင်းလုပ်ငန်းကိစ္စရပ်များအတွင်း ဖြစ်ပွားသည့် အငြင်းပွားမှုများကို ညှိနှိုင်း ဖြေရှင်းပေးခြင်း ၊

(၇) ရုံးဝန်ထမ်းများနှင့် ပတ်သက်သည့် စည်းမျဉ်း ၊ စည်းကမ်းထုတ်ပြန်ခြင်း ၊

(၈) ပြေးဆွဲနေသော မော်တော်ယာဉ်များ ၊ သတ်မှတ်ခရီးစဉ် ၊ သတ်မှတ်ယာဉ်စီးခ ၊ သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ပြေးဆွဲမှုဖြစ်စေရေးအတွက် နည်းဥပဒေများ၊ သတ်မှတ်ချက်များအတိုင်း ကြီးကြပ်ခြင်း ၊ စီမံခန့်ခွဲခြင်း ၊ စစ်ဆေးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်း ၊

(၉) မြို့နယ်အတွင်း ခေတ်မီသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်မည့်စီမံချက်များ ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းအခက်အခဲများ ၊ လုပ်ငန်းလိုအပ်ချက်များကို စီမံချက် ရေးဆွဲပြီး ကော်မတီသို့ တင်ပြ၍ ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ၊

(၁၀) ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း ၊ စည်းကမ်းများနှင့် အညီ သတ်မှတ်ထုတ်ပြန်ထားသည့် စည်းမျဉ်း ၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များပါအတိုင်း မိမိကြီးကြပ်မှုအောက်ရှိ ယာဉ်လုပ်ငန်းများနှင့်ယာဉ်လုပ်သားများကို ကြီးကြပ်ခြင်း၊

(၁၁) သက်ဆိုင်ရာကော်မတီတွင် မှတ်ပုံတင်ထားသော အဖွဲ့ဝင်ယာဉ်များ ၊ ယာဉ်လုပ်သားများသည် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ၊ စည်းမျဉ်း ၊ စည်းကမ်းညွှန်ကြားချက်များအား လိုက်နာခြင်း မရှိပါက သတ်မှတ်ထားသော စီမံခန့်ခွဲမှုပြစ်ဒဏ်အရ အရေးယူဆောင်ရွက်ခြင်း ။



၃၄။ ကော်မတီဝင်များ တာဝန်ခွဲဝေသတ်မှတ်ခြင်း ၊ ကော်မတီရုံးများ၏ လုပ်ငန်းတာဝန်များကို သီးခြား သတ်မှတ်ပေးရမည် ။

၃၅။ ကော်မတီရုံးဝန်ထမ်းဖွဲ့စည်းမှုအား အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်နိုင်သည် –

(က) စီမံခန့်ခွဲရေးဌာန ၊

(ခ) ဘတ်ဂျက်နှင့်ငွေစာရင်းဌာနခွဲ ၊

(ဂ) စည်းကမ်းထိန်းသိမ်းရေးနှင့်သယ်ပို့ဌာနခွဲ ။

၃၆။ ကော်မတီရုံးဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲ၍ ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်ရမည် ။

၃၇။ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ ဝန်ထမ်းဖွဲ့စည်းပုံကို သက်ဆိုင်ရာ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများတို့မှ ရေးဆွဲ၍ ကော်မတီသို့ တင်ပြထားရမည်။

## အခန်း (၅)

## အစည်းအဝေးများ ကျင်းပခြင်း

### ကော်မတီအစည်းအဝေးများ ကျင်းပခြင်း

၃၈။ ကော်မတီအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပရမည် –

(က) ပုံမှန်အစည်းအဝေးကို (၁၅) ရက်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက လိုအပ်သလို အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည် ၊

(ခ) ကော်မတီဝင်များ၊မြို့နယ်ကော်မတီဥက္ကဋ္ဌများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီ ဥက္ကဋ္ဌများ ပါဝင်သော အစည်းအဝေးကို (၁)လ တစ်ကြိမ် ကျင်းပရမည် ။

ခွင့်ပြု ယာဉ်များဖြင့် သတ်မှတ်စည်းကမ်းနှင့်အညီ လိုက်နာမှု မရှိသော ယာဉ်များအား အောက်ဖော်ပြပါအတိုင်း စီမံခန့်ခွဲရေး ပြစ်ဒဏ်များ သတ်မှတ်ဆောင်ရွက်ရမည်–

(က) ကော်မတီတွင် ဥပဒေ ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသောယာဉ်ဖြင့် ပြေးဆွဲလုပ်ကိုင်ကြောင်း စိစစ်တွေ့ရှိပါက –

(၁) ပထမအကြိမ် သတိပေးဆုံးမ မှတ်တမ်းလက်မှတ်ရေးထိုးစေခြင်း ၊

(၂) ဒုတိယအကြိမ် ဖောက်ဖျက်ပါက စီမံခန့်ခွဲရေး ဒဏ်ကြေး ၂၅၀၀၀ ကျပ်ပေးဆောင်စေခြင်း၊

(၃) တတိယ အကြိမ်ဖောက်ဖျက်ပါက စီမံခန့်ခွဲရေး ဒဏ်ကြေး ၅၀၀၀၀ကျပ်နှင့် နောက်ဆုံးအကြိမ် သတိပေးဆုံးမလက်မှတ် ရေးထိုးခြင်း၊

(၄) ထပ်မံဖောက်ဖျက်ပါကပြေးဆွဲခွင့်ရပ်ဆိုင်းခြင်း ။

(ခ) ကော်မတီမှသတ်မှတ်ထားသည့် သတင်းပို့မှတ်တမ်းစာအုပ်ဖြင့် ရောက်ရှိ၊ ထွက်ခွာသတင်းပို့ မှတ်တမ်းရယူခြင်းမရှိသော ယာဉ်အား စိစစ်တွေ့ရှိပါက –

(၁) ပထမအကြိမ် စီမံဒဏ်ကြေး ၅၀၀၀ ကျပ် ပေးဆောင်စေခြင်း ၊

(၂) ဒုတိယအကြိမ် စီမံဒဏ်ကြေး ၁၀၀၀၀ ကျပ် ပေးဆောင်စေခြင်း ၊

(၃) တတိယအကြိမ်စီမံဒဏ်ကြေး ၁၅၀၀၀ ကျပ် နှင့် နောက်ဆုံးအကြိမ် သတိပေးဆုံးမ လက်မှတ်ရေးထိုးခြင်း၊



## အခန်း (၆)

## ဘဏ္ဍာရေးရန်ပုံငွေ ထိန်းသိမ်းခြင်း ၊ စာရင်းပြုစုခြင်း ၊ စာရင်းစစ်ဆေးခြင်း

၄၁။ ကော်မတီသည် ယာဉ်လုပ်ငန်းမှတ်ပုံတင်ကြေး ၊ လုပ်ငန်းကြီးကြပ်ခရန်ပုံငွေများကို ယာဉ်လုပ်ငန်းလုပ်ကိုင် သူ ၊ ယာဉ်ပိုင်ရှင်များထံမှ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်သော နှုန်းထားများအတိုင်း ကောက်ခံနိုင်သည် ။

၄၂။ ကော်မတီသည် ကောက်ခံစုဆောင်းရရှိသော ငွေဖြင့် ရပ်တည်ရမည်။ ရန်ပုံငွေခွဲဝေသုံးစွဲခြင်းကို သတ်မှတ် ထားသော ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည် ။

၄၃။ ကော်မတီသည် ငွေစာရင်း ၊ ပစ္စည်းစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိရမည် ။ ငွေစာရင်း လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ စာရင်းအင်းလုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ၊ နှစ်ချုပ် ၊ လချုပ် စာရင်းပြုစုခြင်းများကိုလည်းကောင်း လက်မှတ်ရ စာရင်းအင်းကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ရမည်။

၄၄။ ကော်မတီသည် ကော်မတီ၏စာရင်းကို လက်မှတ်ရစာရင်းစစ်ဖြင့် စစ်ဆေးခြင်းကို ဆောင်ရွက်ရမည် ။ လိုအပ်ပါက အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။ စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည် ။

၄၅။ ရန်ပုံငွေသုံးစွဲရာတွင် အစည်းအဝေးဆုံးဖြတ်ချက်ရှိရမည် ။ ကော်မတီ၊ မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သူ၊ ယာဉ်ပိုင်ရှင်များအကျိုး ၊ ဒေသဖွံ့ဖြိုးရေးအကျိုးအတွက် ရည်ရွယ်၍ သုံးစွဲရမည် ။

၄၆။ ကော်မတီနှင့် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ ၊ ယာဉ်ပိုင်ရှင်များ ၊ ယာဉ်လုပ်သားများ ၊ ကော်မတီရုံး ဝန်ထမ်းများ၏ လူမှုရေးလုပ်ငန်းများတွင် နည်းဥပဒေများ ၊ ညွှန်ကြားချက်များနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်။

၄၇။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးတက် စေရန် ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ည)နှင့် အညီဖြစ်စေ ၊ ပုဒ်မ ၁၉ အရဖြစ်စေ လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည် ။

၄၈။ ကော်မတီဝင် ၊ မြို့နယ်ကော်မတီဝင်များ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင်များ၏ အချိန်ပြည့် ကော်မတီထောက်ပံ့ကြေး ၊ ရုံးဝန်ထမ်းလစာများကို မိမိတို့၏ဝင်ငွေထဲမှ (၃၀ %)ထက်မကျော်လွန်စေဘဲ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်သည်။ ရုံးလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များကို သတ်မှတ်ချက် များနှင့်အညီ သုံးစွဲနိုင်သည် ။

၄၉။ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ ဘဏ္ဍာရေးရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်း ၊ စာရင်းစစ်ဆေးခြင်းများကို နည်းဥပဒေ ၅၀ နှင့် သီးခြားသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည် ။

## **အခန်း (၇)**

## **ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း ၊ စည်းကမ်းများ**

၅၀။ ကော်မတီ ၊ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားလိုက်ကော်မတီများသည် ဥပဒေ ၊ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲထားသော ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည် ။



## **အခန်း (၈)**

## **စည်းကမ်းသတ်မှတ်ချက်များ**

**ခရီးသည်တင်ယာဉ်လုပ်ငန်း၊ အသင်း၊ အဖွဲ့အစည်းများ လိုက်နာရမည့်စည်းကမ်းချက်များ**

၅၁။ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင်ရှိသော ပြည်နယ်တွင်း နှင့် အဝေးပြေးခရီးသည်ပို့ဆောင်ရေး ယာဉ်လုပ်ငန်းများအတွက် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များမှာ နောက်ဆက်တွဲ (၁) ပါအတိုင်း ဖြစ်သည်။

**ယာဉ်နှင့်ယာဉ်ပိုင်ရှင် ၊ ယာဉ်လုပ်သားများ လိုက်နာရမည့် စည်းကမ်းချက်များ**

၅၂။ ကော်မတီ ၊ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစား အလိုက်ကော်မတီများတို့တွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံ တင်ထားသည့် ယာဉ် ၊ ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူ ၊ ယာဉ်လုပ်သားများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များမှာ နောက်ဆက်တွဲ (၂) ပါအတိုင်း ဖြစ်သည်။

၅၃။ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလျက် ရှိသော ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ ၊ ယာဉ်လုပ်သားများ လိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းအလိုက် ၊ ခရီးစဉ်အလိုက် စည်းကမ်းများကို ရေးဆွဲပြီး ကော်မတီမှ တဆင့် ဝန်ကြီး၏ သဘောတူညီချက် ရယူပြီး သတ်မှတ်ဆောင်ရွက်ရမည်။

## **အခန်း (၉)**

## **စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း**

၅၄။ ကော်မတီသည် အဖွဲ့ဝင်ယာဉ်အဖြစ် စာရင်းသွင်းမှတ်ပုံတင်ထားသည့် ကြီးကြပ်မှုအောက်ရှိ ယာဉ်လုပ်ငန်း များမှ ယာဉ်များ၊ ခွင့်ပြုခရီးစဉ် ၊

ပြိုင်ပွဲများကျင်းပခြင်းများကို ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ညှိနှိုင်း၍ အခါအားလျော်စွာ ဆောင်ရွက်ပေးရမည်။

၆၇။ ကော်မတီသည် မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားလိုက်ကော်မတီများတွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသော ယာဉ်များနှင့်ယာဉ်လုပ်သားများတွင် တပ်ဆင်အသုံးပြုရမည့် တံဆိပ်အမှတ်အသား ၊ အဖွဲ့ဝင်ကဒ်ပြားတို့ကို တပြေးညီ သတ်မှတ်ပေးရမည် ။

၆၈။ ကော်မတီသည် မော်တော်ယာဉ်လုပ်ငန်းအတွေ့အကြုံရှိသူ ၊ ဥပဒေပညာရှင်များ ၊ ဆိုင်ရာလုပ်ငန်း ကျွမ်းကျင်သူများအား ၊ လုပ်ငန်းကိစ္စရပ်များတွင် တာဝန်ပေးညှိနှိုင်းဆောင်ရွက်နိုင်သည် ။

၆၉။ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ (၂၈–၆–၂၀၀၇) ရက်စွဲဖြင့် အတည်ပြုပြဋ္ဌာန်း ပေးထားသော မွန်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ဤနည်းဥပဒေများဖြင့်ပယ်ဖျက်လိုက်သည် ။

---

အမိန့်အရ

(ပုံ) ထွန်းလှိုင်
ဝန်ကြီး
လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့



(၄) ထပ်မံဖောက်ဖျက်ပါက ပြေးဆွဲခွင့်ရပ်ဆိုင်းခြင်း ။

(ဂ) ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ခရီးစဉ်ပြောင်းလဲပြေးဆွဲခြင်း ၊ ယာဉ်အမျိုးအစားပြောင်းလဲပြေးဆွဲခြင်းကို စိစစ်တွေ့ရှိပါက–

(၁) ပထမအကြိမ်သတိပေးဆုံးမ လက်မှတ်ရေးထိုးစေခြင်း၊

(၂) ဒုတိယအကြိမ် ဖောက်ဖျက်ပါက စီမံခန့်ခွဲရေး ဒဏ်ငွေ၃၀၀၀၀ ကျပ် ပေးဆောင်စေခြင်း၊

(၃) တတိယအကြိမ် ဖောက်ဖျက်ပါက စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ ၅၀၀၀၀ ကျပ် နှင့်နောက်ဆုံး အကြိမ်သတိပေးဆုံးမ လက်မှတ်ရေးထိုးစေခြင်း၊

(၄) ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ပြေးဆွဲခွင့်ရပ်ဆိုင်းခြင်း

(ဃ) ကော်မတီမှချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် ဝန်ကြီးထံ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင်နိုင်သည် ။ ဝန်ကြီးသည် ကော်မတီ၏ဆုံးဖြတ်ချက်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အတည်ပြုခြင်း၊ပြင်ဆင်ခြင်း ၊ ပယ်ဖျက်ခြင်း ပြုနိုင်သည် ။

၅၅။ မြို့နယ်ကော်မတီများ ယာဉ်အမျိုးအစားအလိုက်ကော်မတီများသည် မိမိကြီးကြပ်မှုအောက်တွင် ပြေးဆွဲ နေသော အဖွဲ့ဝင်ယာဉ်များ ၊ ယာဉ်ပိုင်ရှင်သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူ၊ ယာဉ်လုပ်သားတို့ လိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း ၊စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရမည့် ပြစ်ဒဏ် သတ်မှတ်ခြင်းတို့ကိုရေးဆွဲ၍ ကော်မတီမှတဆင့် ဝန်ကြီး၏ သဘောတူညီချက်ရယူ၍ သတ်မှတ်ထုတ်ပြန် ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၅၆။ နည်းဥပဒေ အခန်း ၃ ပါ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်ရမည့် နည်းလမ်းများမှာ နောက်ဆက်တွဲ (၃) ပါအတိုင်း ဖြစ်သည်။

၅၇။ ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲဆိုင်ရာ ကန့်ကွက်ချက်များရှိလာပါက ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၃) ဦးတို့ ပါဝင်သော အဖွဲ့ဖြင့် စိစစ်ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်ဖြင့် ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၈။ နည်းဥပဒေ ၅၇ ပါတင်ပြချက်အပေါ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည် ။

၅၉။ ကော်မတီ ၊ မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများသည် ဥပဒေ ၊ နည်းဥပဒေ များ ၊ လုပ်ထုံးလုပ်နည်း ၊ ဘဏ္ဍာရေး ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ယခင်ကော်မတီဟောင်းမှ လွှဲပြောင်း၊လက်ခံသော လုပ်ငန်း တာဝန်များကို ဆက်လက်ဆောင်ရွက်သွားရမည် ။ ယခင်ဆောင်ရွက်မှုများအပေါ် နောက်ကြောင်းပြန် အရေးယူခြင်း မပြုရ ။

၆၀။ ဥပဒေ၊ နည်းဥပဒေများ အတည်မဖြစ်မီက သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များသည် ဥပဒေ၊ နည်းဥပဒေများ နှင့်မဆန့်ကျင်သ၍ အတည်ဖြစ်သည် ။

၆၁။ ဝန်ကြီးသည် ကော်မတီနှင့် မြို့နယ်ကော်မတီများ ယာဉ်အမျိုးအစားအလိုက် ကော်မတီများ၏ လုပ်ငန်း ဆောင်ရွက်မှုများအား ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ ၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း



စည်းကမ်း များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်းများကို ဆောင်ရွက်နိုင်သည်။

၆၂။ ကော်မတီသည် မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ လုပ်ငန်း ဆောင်ရွက်မှု များအား ဥပဒေ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း ညွှန်ကြား ချက်များနှင့်အညီ ဖြစ်စေရေး ကြီးကြပ်ခြင်း ၊ ညွှန်ကြားခြင်းများကို ဆောင်ရွက်နိုင်သည်။

၆၃။ ကော်မတီသည် လိုအပ်သော လုပ်ငန်းဆိုင်ရာ စည်းကမ်းများအတွက် ညွှန်ကြားချက်များကို ဝန်ကြီးထံ တင်ပြပြီး ထုတ်ပြန်နိုင်သည် ။

၆၄။ ကော်မတီသည် ကော်မတီရုံးနှင့် မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ ရုံးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ ၊ စာရင်းဇယားမှတ်တမ်းထားရှိမှုများ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်စာရင်းများ၊ စာရင်းအင်းမှတ်တမ်းများ တပြေးညီဖြစ်စေရေးအတွက် သတ်မှတ်ပေးရမည် ။

၆၅။ ကော်မတီသည် ကော်မတီရုံးနှင့် မြို့နယ်ကော်မတီရုံးများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီရုံးများမှ ဆောင်ရွက်ရမည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များပါ စာရင်းဇယားမှတ်တမ်းပုံစံများ၊ ပြေစာများ ၊ လယ်ဂျာများ ၊ လချုပ် ၊ နှစ်ချုပ် ၊ စာရင်းများ ရေးဆွဲခြင်း ၊ ထိန်းသိမ်းထားရှိခြင်းဆိုင်ရာများအတွက် သတ်မှတ်ချက်များကို လက်မှတ်ရ စာရင်းအင်းကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ တပြေးညီဖြစ်စေရေး သတ်မှတ်ပေးရမည်။

၆၆။ ကော်မတီအဆင့်ဆင့်သည် ယာဉ်လုပ်သားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်း ၊ ဟောပြောပွဲ ၊ ပြပွဲ ၊

ပြေးဆွဲရန် သတ်မှတ်ထားသည့် ဂိတ်၊ နေရာ၌သာ ရပ်နား၊ ထွက်ခွာဂိတ်ဖွင့် ပြေးဆွဲရမည် ၊ အဝေးပြေး ခရီးစဉ် ခွင့်ပြုချက်ဖြစ်၍ အဝေးပြေးခရီးသည်များကိုသာ လက်မှတ် ရောင်းချပြေးဆွဲရမည်၊

(ဃ) အဝေးပြေးလမ်းမကြီးတစ်လျှောက် ကျေးရွာများအတွင်းသို့ ဝင်ရောက်ဂိတ်ဖွင့်လှစ်ခြင်း ၊ ဂိတ်ထိုး ပြေးဆွဲခြင်း မပြုရ ၊

(င) အဝေးပြေးခရီးစဉ်ပြေးဆွဲသောယာဉ်များတွင် အငှားယာဉ်မောင်းနှင်ခွင့် ယာဉ်မောင်းလိုင်စင် ရရှိပြီးသည့် ယာဉ်မောင်း ၂ ဦး ထားရှိပြီး ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ပြေးဆွဲလုပ်ကိုင်ရမည် ၊

(စ) ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းများမှ ဂိတ်ဝန်ထမ်းများ ၊ ယာဉ်မောင်း ၊ ယာဉ်လိုက်များသည် ခရီးသွား လုပ်သား ပြည်သူများအား ယဉ်ကျေးပျူငှာစွာ ရိုင်းပင်းကူညီဆက်ဆံခြင်း ပြုရမည် ၊

(ဆ) ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းများမှ ဂိတ်များတွင် သတ်မှတ်ဂိတ်ဝန်ထမ်းများမှလွဲ၍ အခကြေး ငွေပေးပြီး လူခေါ်ပွဲစားများ ထားရှိဆောင်ရွက်ခြင်းမပြုရ ၊

(ဇ) ခရီးစဉ်အလိုက်ပြေးဆွဲသည့်ယာဉ်များ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေး၊ ယာဉ်ကြံ့ခိုင်မှုကောင်းမွန်စေရေး၊ ယာဉ်သန့်ရှင်းသပ်ရပ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် အထူးဂရုပြုလိုက်နာဆောင်ရွက်ရမည် ၊



## ခရီးသည်တင်ယာဉ်လုပ်ငန်း အသင်းအဖွဲ့အစည်းများ လိုက်နာရမည့်စည်းကမ်းချက်များ

**[နည်းဥပဒေ ၅၁]**

ကော်မတီ၏ ကြီးကြပ်မှုအောက်တွင်ထားရှိသော အဝေးပြေးနှင့် ပြည်နယ်တွင်း ခရီးသည်ပို့ဆောင်ရေး ယာဉ်လုပ်ငန်း၊ အသင်း ၊ အဖွဲ့အစည်းများသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရမည် -

(က) ပြည်နယ်အတွင်း အခြေစိုက်နှင့် အခြားပြည်နယ်၊တိုင်းဒေသကြီး အခြေစိုက်ပြီး ပြည်နယ်အတွင်းသို့ ဝင်ရောက်၍ ခရီးသည်ပို့ဆောင်ရေးယာဉ်လုပ်ငန်းလုပ်ကိုင်သည့် ယာဉ်လုပ်ငန်း၊အသင်း၊ အဖွဲ့အစည်းများသည်မွန်ပြည်နယ်အတွင်း၌ ကော်မတီမှ ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်မှုကိုခံယူပြီး လုပ်ငန်းဆောင်ရွက်ရမည် ၊

(ခ) ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းများသည် အစိုးရအဖွဲ့နှင့် ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့တို့မှ တရားဝင်ခွင့်ပြုထားသည့်ယာဉ်လိုင်းအမည်ကိုသာ မော်တော်ယာဉ်နှင့် ဂိတ်တို့တွင် တပ်ဆင်သုံးစွဲရမည် ၊

(ဂ) တရားဝင်ခွင့်ပြုထားသည့် ပြေးဆွဲခွင့်ရခရီးစဉ်နှင့် ခွင့်ပြုယာဉ်စီးရေအတိုင်းသာ ပြေးဆွဲရမည်။ယာဉ်စီးရေအပြောင်းအလဲ၊

အတိုးအလျှော့စာရင်းကို ဤကော်မတီသို့ အဖွဲ့ဝင်ယာဉ်အဖြစ် မှတ်ပုံတင် ခွင့်ပြုရန် တင်ပြရမည် ။

(ဃ) ခွင့်ပြုထားသည့်ခရီးစဉ်ကိုသာ ပြေးဆွဲရမည်ဖြစ်ပြီး ခရီးစဉ် ပြောင်းလဲပြေးဆွဲခြင်း၊ ခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်းတို့ကို အစိုးရအဖွဲ့နှင့် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့သို့ တရားဝင်တင်ပြခွင့်ပြုချက်ရရှိမှသာ စတင်ပြောင်းလဲပြေးဆွဲရမည် ။

(င) တရားဝင်ခွင့်ပြုချက်ရရှိထားသော ယာဉ်လိုင်းအမည်ကိုသာ မော်တော်ယာဉ်တွင် ရေးသားဖော်ပြခြင်း ပြုရမည်။ ခွင့်ပြုချက်ရရှိထားသည့် ကိုယ်စားပြုယာဉ်လုပ်ငန်းအမည်မှအပ မိမိသုံးစွဲလိုသော အမည်အား မော်တော်ယာဉ်နှင့် ကားဂိတ်တို့တွင် ပြောင်းလဲဖော်ပြတပ်ဆင်ထားခြင်းမပြုလုပ်ရ ။

(စ) ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းများမှ မော်တော်ယာဉ် ပြေးဆွဲသည့်အခါ ပြေးဆွဲသည့်စီးရေအလိုက် ကော်မတီရုံးမှ သတ်မှတ်ထားသည့်ဂိတ်တွင် ခရီးစဉ်ပြေးဆွဲရောက်ရှိကြောင်း သတင်းပို့ မှတ်တမ်း စာအုပ်ဖြင့် သတင်းပို့ခြင်း၊ စီမံကြီးကြပ်ခ ရန်ပုံငွေပေးသွင်းခြင်းတို့ကို သတ်မှတ်ခရီးစဉ်အလိုက် မပျက်မကွက် နေ့စဉ်ပေးသွင်းရမည် ။

(ဆ) ကော်မတီမှ ဒေသလိုအပ်ချက်အရ အများပြည်သူအကျိုးပြု လုပ်ငန်းများအတွက် မော်တော်ယာဉ်သုံးစွဲရန် လိုအပ်ချက်ရှိ



ပါက ကော်မတီမှ သတ်မှတ်သောနှုန်းထားဖြင့် အငှားလိုက်ပါ ပို့ဆောင်ပေးခြင်းပြုရမည် ။

(ဇ) ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းများသည် ကော်မတီမှ သတ်မှတ်ညွှန်ကြားသော မော်တော်ယာဉ်လိုင်းများရပ်နား ၊ ထွက်ခွာဂိတ်နေရာ သတ်မှတ်ချက်အတိုင်း သက်ဆိုင်ရာ မြို့နယ်များတွင် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဂိတ်ဖွင့်ရပ်နား ၊ ထွက်ခွာဆောင်ရွက်ရမည် ။

(ဈ) ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့သို့ ဝင်ရောက် ထွက်ခွာကြရာတွင် ကော်မတီမှ ယာဉ်လုပ်ငန်း၊ အသင်း၊ အဖွဲ့ အစည်းများအတွက် သတ်မှတ်ပေးထားသည့် ယာဉ်ရပ်နားစခန်း၊ ဂိတ်နေရာတွင်သာ ခရီးသည် တင်ဆောင် ရပ်နား၊ ထွက်ခွာခြင်းပြုရမည် ။

(ည) ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်း ၊ ညွှန်ကြားချက်များနှင့်အညီ ကော်မတီမှ ယာဉ်လုပ်ငန်း ၊ အသင်း ၊ အဖွဲ့အစည်းများသို့ သတ်မှတ်ထုတ်ပြန်သည့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ သတ်မှတ်ချက် ၊ ယာဉ်ရပ်နား၊ထွက်ခွာ နေရာ သတ်မှတ်ချက်နှင့် ယာဉ်စီးခနှုန်းထား သတ်မှတ်ချက် တို့ကို လိုက်နာဆောင်ရွက်ရမည် ။

(ဋ) အဝေးပြေးမှန်လုံမော်တော်ယာဉ်လိုင်းများသည် ခွင့်ပြုချက်ရရှိ ထားသည့် ခွင့်ပြုခရီးစဉ်ပါ မြို့နယ်၌ ယာဉ်ရပ်နား၊ ထွက်ခွာ

(င) ပြေးဆွဲသည့်ယာဉ်ကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် ယာဉ်အင်္ဂါရပ်များ ပြည့်စုံမှုရှိစေရေးအတွက် အစဉ် အမြဲကောင်းမွန်အောင် ဆောင်ရွက်ရမည် ၊

(စ) ဒေသလိုအပ်ချက်အရ အများပြည်သူအကျိုးပြုလုပ်ငန်းများ အတွက် မော်တော်ယာဉ်သုံးစွဲရန် လိုအပ်ချက်ရှိပါက သက်ဆိုင်ရာကော်မတီမှ သတ်မှတ်သော နှုန်းထားဖြင့် အငှား လိုက်ပါပို့ဆောင် ပေးရမည် ၊

(ဆ) ယာဉ်နှင့်ပတ်သက်သည့် အခွန်အခများကို ဥပဒေနှင့်အညီ ပေးဆောင်ရမည် ၊

(ဇ) သက်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်မောင်း၊ယာဉ်လိုက်များဖြင့်သာ မိမိမော်တော်ယာဉ်တွင် ခန့်အပ်တာဝန်ပေးရမည် ၊

(ဈ) မိမိယာဉ်တွင်လုပ်ကိုင်နေသော ယာဉ်မောင်း ၊ ယာဉ်လိုက်နှင့် ယာဉ်ပိုင်ရှင်တို့အကြား အဆင်မပြေမှုများ စည်းကမ်းပျက်ကွက်မှု များရှိပါက သက်ဆိုင်ရာကော်မတီသို့ အသိပေးတင်ပြ၍ ညှိနှိုင်း ဆောင်ရွက်ရမည် ၊

(ည) သက်ဆိုင်ရာကော်မတီမှ ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည် ၊



(ထ) အဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်လုပ်ငန်းအသင်းအဖွဲ့ အစည်းများသည် ခရီးစဉ်ပြေးဆွဲရာတွင် သက်ဆိုင်ရာ မြို့နယ် ကော်မတီများ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသော မြို့နယ်ကျော် ခရီးသည်များကို တင်ဆောင်ပြေးဆွဲခြင်း မပြုရ၊

(ဒ) ခရီးစဉ်အလိုက် ပြေးဆွဲသည့် မော်တော်ယာဉ်များတွင် စီးနင်း လိုက်ပါသည့် ခရီးသည်များအတွက် ခရီးသွားအာမခံ (ပရီမီယံ)ထားရှိနိုင်ရေးအတွက် မြန်မာ့အာမခံလုပ်ငန်းမှ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည် ၊

(ဓ) ကော်မတီမှ လုပ်ငန်းလိုအပ်ချက်အရ ဖိတ်ကြားသော အစည်း အဝေးပွဲများကို သက်ဆိုင်ရာယာဉ်လုပ်ငန်း၊ အသင်း၊ အဖွဲ့အစည်း ဥက္ကဋ္ဌ သို့မဟုတ် အဆုံးအဖြတ်ပေးနိုင်သည့် တာဝန်ခံတို့မှ မပျက်မကွက် တက်ရောက် ဆွေးနွေးခြင်း ပူးပေါင်း ဆောင်ရွက်ခြင်းပြုရမည် ၊

(န) ပြည်နယ်အတွင်း ဖွင့်လှစ်ထားသော ယာဉ်လုပ်ငန်း၊အသင်း၊ အဖွဲ့အစည်းအသီးသီး၏ ဂိတ်များ ၊ ဂိတ်ဝန်ထမ်းများ စာရင်းကို ကော်မတီရုံးသို့ ပေးပို့ထားရမည် ၊

(ပ) ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းအသီးသီးတွင် ခန့်အပ်ထား သည့် ယာဉ်မောင်း၊ယာဉ်လိုက်များ၏ စာရင်းမှတ်တမ်းကို ကော်မတီရုံးသို့ ပေးပို့ထားရမည် ၊

(ဖ) ကော်မတီမှ ဥပဒေ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အခါအားလျော်စွာ သတ်မှတ် ထုတ်ပြန်သည့် မော်တော်ယာဉ်လိုင်းများ ပြေးဆွဲမှုဆိုင်ရာ ညွှန်ကြားချက်များအပေါ် ယာဉ်လုပ်ငန်း၊ အသင်း၊ အဖွဲ့အစည်းများမှ ပူးပေါင်း လိုက်နာဆောင်ရွက်ရမည် ၊

(ဗ) မော်လမြိုင်မြို့မှအပ ပြည်နယ်အတွင်းရှိ ကျန်မြို့နယ်များတွင် အဝေးပြေးယာဉ်လုပ်ငန်းဖွင့်လှစ် လုပ်ငန်းဆောင်ရွက်ခြင်း အတွက် သက်ဆိုင်ရာမြို့နယ်ကော်မတီသို့ စီမံခန့်ခွဲမှု လစဉ်ကြေးရန်ပုံငွေအား သတ်မှတ်နှုန်းထားအတိုင်း လစဉ် ပေးသွင်းရမည် ။



## ယာဉ်နှင့်ယာဉ်ပိုင်ရှင် ၊ ယာဉ်မောင်း ၊ ယာဉ်လိုက်များ လိုက်နာရမည့် စည်းကမ်းချက်များ

**[နည်းဥပဒေ ၅၂]**

ကော်မတီ ၊ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီတို့တွင် မှတ်ပုံတင်ထားသော ယာဉ်ပိုင်ရှင် ၊ ယာဉ်မောင်း ၊ ယာဉ်လိုက်များသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

### ယာဉ်နှင့်ယာဉ်ပိုင်ရှင်များ

(က) သက်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော ယာဉ်ဖြစ်ရမည် ၊

(ခ) ယာဉ်လုပ်ငန်း၊ ခွင့်ပြုခရီးစဉ်အတွက် ကုန်းလမ်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှလုပ်ငန်း လိုင်စင် ရရှိပြီးသူဖြစ်ရမည် ၊ (ယာဉ်အသစ်ဖြစ်ပါက ခွင့်ပြုခရီးစဉ်ဖြင့် လုပ်ငန်းလိုင်စင် ရယူပြီးမှသာ ပြေးဆွဲရမည် )

(ဂ) နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ကော်မတီမှ ခရီးစဉ်အလိုက် သတ်မှတ်သည့် စည်းမျဉ်း ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည် ၊

(ဃ) သက်ဆိုင်ရာကော်မတီမှ သတ်မှတ်ထားသည့် အဖွဲ့ဝင် မှတ်ပုံတင်ကြေးနှင့် နေ့စဉ်ယာဉ်လိုင်းပြေးဆွဲမှုအတွက် စီမံကြီးကြပ်ခ ရန်ပုံငွေတို့ကို မပျက်မကွက်ပေးသွင်းရမည် ၊

ကာလဖြင့်သာ တိုက်ဆိုင်စိစစ်ခြင်း ပြုရမည်၊ (လိုအပ်ပါက ယာဉ်လုပ်ငန်း၊အသင်း၊ အဖွဲ့အစည်းအနေဖြင့် ယာဉ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကုန်းလမ်းနှင့်ပြည်တွင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ ခွင့်ပြုစာအထောက်အထားဖြင့် တိုက်ဆိုင် စိစစ်ရမည် )

(င) ရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့မှ စိစစ်ပြီးသော ကော်မတီဝင်လောင်းအမည်စာရင်းအား နည်းဥပဒေ ၉ (ဃ) ပါသတ်မှတ်ချက်အတိုင်း ရွေးချယ်ပွဲ မတိုင်မီ (၂) ရက်ကြိုတင်၍ ကော်မတီရုံး ကြော်ငြာသင်ပုန်းတွင် ထုတ်ပြန် ကြေညာပေးရမည် ၊

(စ) ကော်မတီဝင်လောင်း အမည်စာရင်းပါ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပုံစံအတိုင်း ရိုက်နှိပ်ပြီး ဆန္ဒမဲလက်မှတ်ပေါ်တွင် ကြီးကြပ်ရေးအဖွဲ့မှ လက်မှတ်ရေးထိုးထားရမည် ၊

(ဆ) ရွေးချယ်ပွဲကျင်းပသည့်နေ့တွင် ဖိတ်ကြားထားသည့် ပြည်နယ်အခြေစိုက် ယာဉ်လုပ်ငန်း၊အသင်း၊အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး နှင့် မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများမှ ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး တက်ရောက်မှု မှတ်တမ်းလက်မှတ်ရေးထိုးထားရမည် ၊

(ဇ) ဖိတ်ကြားထားသည့် ဆန္ဒမဲပေးခွင့်ရှိသူ ယာဉ်လုပ်ငန်း၊ အသင်း၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ထက်ဝက်ကျော် တက်ရောက်ပါက ရွေးချယ်ပွဲကို ကျင်းပရမည် ၊



(ဈ) သက်ဆိုင်ရာကော်မတီမှ ဖိတ်ကြားသော အစည်းအဝေးများ ၊ ဆွေးနွေးပွဲများသို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းပြုရမည် ။

**ယာဉ်မောင်း ၊ ယာဉ်လိုက်များ လိုက်နာရမည့်စည်းကမ်းများ**

(က) အငှားယာဉ်မောင်းနှင်ခွင့် ယာဉ်မောင်းလိုင်စင် ၊ ယာဉ်လိုက်လက်မှတ်ရောင်း လိုင်စင်ရရှိသူဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်မောင်း၊ယာဉ်လိုက် ဖြစ်ရမည် ၊

(ဂ) မိမိမောင်းနှင်သည့်ယာဉ်ကို မပျက်မစီးမချို့ယွင်းအောင် ဂရုပြုကိုင်တွယ်မောင်းနှင်ရမည် ၊

(ဃ) သက်ဆိုင်ရာကော်မတီမှ သတ်မှတ်ပေးထားသော စည်းမျဉ်း၊ စည်းကမ်း၊ယာဉ်လိုင်း ခရီးစဉ်အလိုက် စည်းကမ်းများကို လိုက်နာလုပ်ကိုင်ရမည် ၊

(င) ယာဉ်မောင်းသည် မိမိယာဉ်လိုက်အား လိုအပ်သလို ကြီးကြပ်မှုပြုရမည် ၊

(စ) ယာဉ်ပျက်စီးမှုတစ်ခုခုရှိလျှင် ချက်ချင်းပြုပြင်ရမည် ၊ သို့မဟုတ် ယာဉ်ပိုင်ရှင်ထံ ချက်ချင်းအကြောင်းကြားရမည် ၊

(ဆ) မိမိယာဉ်မှရရှိသောဝင်ငွေများအား အလွဲသုံးစားပြုလုပ်ခြင်း မပြုရ ၊

(ဇ) ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များ နှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းစေ ရေးအတွက် မြို့တွင်း ၊ မြို့ပြင် သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်သွားလာရမည် ၊

(ဈ) ပြေးဆွဲခွင့်ပြုထားသည့် ယာဉ်လိုင်းခရီးစဉ် ၊ ယာဉ်ရပ်နားရန် သတ်မှတ်ထားသည့် နေရာများတွင် စနစ်တကျရပ်နား၊ ထွက်ခွာပြေးဆွဲရမည် ၊

(ည) မော်တော်ယာဉ်ပြောင်းလဲ လုပ်ကိုင်ဆောင်ရွက်ပါက သက်ဆိုင်ရာကော်မတီသို့ တင်ပြပြီး ဆောင်ရွက်ရမည် ၊

(ဋ) သက်ဆိုင်ရာကော်မတီဖိတ်ကြားသော အစည်းအဝေးများ ၊ ဆွေးနွေးပွဲများသို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးခြင်း ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ပြုရမည် ၊

(ဌ) ခရီးသွားလုပ်သားပြည်သူများအား ယဉ်ကျေးပျူငှာစွာ ရိုင်းပင်းကူညီ ဆက်ဆံခြင်းပြုရမည် ၊

(ဍ) သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ ၊

(ဎ) ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေး ၊ ယာဉ်ကြံ့ခိုင်မှုကောင်းမွန်စေရေး ၊ ယာဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အထူးဂရုပြု လိုက်နာဆောင်ရွက်ရမည်၊

(ဏ) သက်ဆိုင်ရာ ကော်မတီမှသတ်မှတ်ထားသော အဖွဲ့ဝင် မှတ်ပုံတင်ကြေးအား နှစ်စဉ်မပျက်မကွက်ပေးသွင်းရမည် ။



## ကော်မတီရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်ရမည့် နည်းလမ်းများ

**{နည်းဥပဒေ ၅၆}**

၁။ ကော်မတီရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ရမည့် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နည်းဥပဒေ ၉ (က) ပါ သတ်မှတ်ချက်များအတိုင်း ဖိတ်ကြားစာကို ထုတ်ပြန်ပြီး ကော်မတီမှတဆင့် သက်ဆိုင်သူများထံ ဖိတ်ကြားစာပေးပို့ပြီး ဖိတ်ကြားစာလက်ခံရရှိကြောင်း လက်မှတ် ရေးထိုးထားသည့် မှတ်တမ်းအား ရယူရမည် ၊

(ခ) ကော်မတီတွင် မှတ်ပုံတင်ထားသည့် ပြည်နယ်အခြေစိုက် ယာဉ်လုပ်ငန်း၊ အသင်း၊ အဖွဲ့အစည်း စာရင်းနှင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အမည်စာရင်း၊ ယာဉ်လုပ်ငန်းစတင်လုပ်ကိုင်ခွင့်ပြုသည့် နေ့ရက်တို့ဖော်ပြပါရှိသော မှတ်တမ်းကို ရယူရမည် ၊

(ဂ) ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုကြောင်း အမည်စာရင်းတင်သွင်းလွှာများကို ကော်မတီရုံးတွင် လက်ခံစုစည်းစေပြီး ကြီးကြပ်ရေးအဖွဲ့မှ နည်းဥပဒေ ၉ (ဂ) ပါအတိုင်း စိစစ်ရမည် ၊

(ဃ) နည်းဥပဒေ ၈ (ဃ) ပါ ပြည်နယ်အခြေစိုက် ယာဉ်လုပ်ငန်း လုပ်ကိုင်သည့် အတွေ့အကြုံ အနည်းဆုံး (၁) နှစ် သတ်မှတ်ချက်အား စိစစ်ရာ၌ ကော်မတီတွင် ယာဉ်လုပ်ငန်း လုပ်ကိုင်ခွင့်စတင်အသိအမှတ်ပြု မှတ်ပုံတင်ထားခဲ့သည့်

ပိုင်ရှင်အမည်စာရင်း၊ ယာဉ်လုပ်ငန်း စတင်လုပ်ကိုင်ခွင့်ပြုသည့်နေ့ရက်တို့ ဖော်ပြပါရှိသော ယာဉ်ပိုင်ရှင်မှတ်တမ်းကို ရယူရမည် ၊

(ဂ) ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုကြောင်း အမည်စာရင်းတင်သွင်းလွှာများကို ကော်မတီရုံးတွင် လက်ခံစုစည်းစေပြီး ကြီးကြပ်ရေးအဖွဲ့မှ နည်းဥပဒေ ၁၇ (ဃ) ပါအတိုင်း စိစစ်ရမည်၊

(ဃ) နည်းဥပဒေ ၁၆ (စ) ပါ ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် လုပ်သက် (၁)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ သတ်မှတ်ချက်အား စိစစ်ရာ၌ သက်ဆိုင်ရာကော်မတီတွင် ယာဉ်ပိုင်ရှင်အဖြစ် စတင်အသိအမှတ်ပြုမှတ်ပုံတင်ထားခဲ့သည့် ကာလဖြင့်သာ တိုက်ဆိုင်စိစစ်ခြင်းပြုရမည်၊(ယင်းသို့စိစစ်ရာတွင် အဖွဲ့ဝင်ယာဉ်ပိုင်ရှင်၏ ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား၊ အစားထိုးပြောင်းလဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ ယာဉ်ပိုင်ရှင်အဖြစ် သက်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် စတင်မှတ်ပုံတင်ခဲ့သည့် ကာလကိုသာ စိစစ်အတည်ပြုရမည်)

(င) သက်ဆိုင်ရာကော်မတီတွင် စတင်အဖွဲ့ဝင်ထားသည့် ယာဉ်အား အစားထိုး ပြောင်းလဲရန် ယာဉ်ဝယ်ယူထားပြီး ယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း မပြုရသေးသည့် ယာဉ်ပိုင်ရှင်များသည် အစားထိုးယာဉ် အမည်ပြောင်းလဲခြင်း မပြုမီက သက်ဆိုင်ရာကော်မတီတွင် ယာဉ်ပိုင်ရှင်အဖြစ် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင်ထားသူဖြစ်၊ မဖြစ်စိစစ်ခြင်း၊



(ဈ) ဖိတ်ကြားထားသည့် ကိုယ်စားလှယ်ထက်ဝက်ကျော် တက်ရောက်ခြင်းမရှိပါက ရွေးချယ်ပွဲကို ကျင်းပမည့်နေ့ရက် သတ်မှတ်၍ ထပ်မံဖိတ်ကြားပြီး ကျင်းပရမည် ၊ ထပ်မံဖိတ်ကြားသော ရွေးချယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ထက်ဝက်မကျော်ပါက ရွေးချယ်ပွဲကို နည်းဥပဒေများပါအတိုင်း ကျင်းပရမည် ၊

(ည) ရွေးချယ်ပွဲတွင် ရွေးချယ်ပွဲဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်မည့် နည်းလမ်း၊ ဆန္ဒမဲပေးရမည့် နည်းလမ်းစသည်တို့ကို ကြီးကြပ်ရေးအဖွဲ့မှ ရှင်းလင်းပြောကြားရမည် ၊

(ဋ) ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် ယာဉ်လုပ်ငန်း၊ အသင်း၊အဖွဲ့အစည်းများမှ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းထားသူများ၏ အမည်စာရင်းပါ ဆန္ဒမဲလက်မှတ်ကို နည်းဥပဒေ ၉ (င) ပါ ဆန္ဒမဲ ပေးခွင့်ရှိသူ ကိုယ်စားလှယ် တစ်ဦးချင်းထံ ဆန္ဒမဲလက်မှတ်များ ထုတ်ပေးပြီး လျှို့ဝှက်ဆန္ဒမဲပေး၍ ကော်မတီဝင်လောင်း ၅ ဦးအား ရွေးချယ်ရမည်၊

(ဌ) နည်းဥပဒေ ၉ (င) ပါ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခဲ့သည့် ဆန္ဒမဲလက်မှတ်များကို တက်ရောက်လာသည့် ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေး ရေတွက်၍ ကိုယ်စားလှယ် လောင်းတစ်ဦးချင်း ရရှိသော ဆန္ဒမဲအရေအတွက်အား ထုတ်ပြန်ကြေညာပေးရမည် ၊

(ဃ) ကိုယ်စားလှယ်လောင်းတစ်ဦးချင်းမှ ဆန္ဒမဲအများဆုံးရရှိသူ ကော်မတီဝင်ကိုယ်စားလှယ် ၅ဦး အား ကော်မတီဝင်များအဖြစ် ရွေးချယ်ရမည်၊

(ဎ) ရွေးချယ်ထားသော ကော်မတီ ၅ ဦးထဲမှ ဖွဲ့စည်းပုံအရ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူး၊ဘဏ္ဍာရေးမှူး၊ စာရင်းစစ် တာဝန်များကို နည်းဥပဒေ ၉ (စ) ပါအတိုင်း ရွေးချယ်ထားသည့် ကော်မတီဝင် ၅ ဦးနှင့် ဖွဲ့စည်းပုံအရ ကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်ကော်မတီဥက္ကဋ္ဌများ၊ ကျိုက်ထီးရိုးတောင်တက်ယာဉ်အမျိုးအစားကော်မတီ၊ မြို့နယ်ကုန်တင်ယာဉ်အမျိုးအစားကော်မတီ၊ မြို့နယ်သုံးဘီးယာဉ်အမျိုးအစားကော်မတီ ၊ ယာဉ်အမျိုးအစား အလိုက် ကော်မတီ ဥက္ကဋ္ဌများက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည် ၊

(ဏ) လျှို့ဝှက်ဆန္ဒမဲလက်မှတ်အား ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးရေတွက်၍ ကော်မတီ တာဝန်၌ ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်းအား ထုတ်ပြန်ကြေညာပေးရမည်၊

(တ) ကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကော်မတီဝင် ၅ ဦး၏ ကတိပြုလွှာနှင့် ကိုယ်ရေးမှတ်တမ်းကို ကြီးကြပ်ရေးအဖွဲ့ရှေ့မှောက်တွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ မှတ်တမ်း ရယူရမည် ၊



(ထ) ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့သည် ကော်မတီရွေးချယ်ခြင်းခံရသူများစာရင်း ၊ ရွေးချယ်ပွဲဆောင်ရွက်မှုမှတ်တမ်းအစရှိသည်များကို နည်းဥပဒေ ၉ (ဆ) ပါအတိုင်း အစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြရမည် ၊

(ဒ) ရွေးချယ်ပွဲဆိုင်ရာ ကန့်ကွက်ချက်များရှိခဲ့ပါက ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၃)ဦးပါ အဖွဲ့ဖြင့် တိုင်ကြားသူနှင့် တိုင်ကြားချက်ပါအချက်များကို စိစစ်ပြီး စိစစ် တွေ့ရှိချက် ၊သုံးသပ်ချက် ၊ အကြံပြုချက်ဖြင့် ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည် ။

(ဓ) ရွေးချယ်ပွဲကျင်းပခြင်းလုပ်ငန်း ၊ ဖိတ်ကြားခြင်း ၊ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်ခြင်း ၊ ရွေးချယ်ပွဲ အခမ်းအနားကျင်းပပြုလုပ်မှုစရိတ် တို့အတွက် ကုန်ကျငွေအား ကော်မတီ၏ ရန်ပုံငွေမှ ကျခံရမည် ။

၂။ မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီ ၊ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ရမည့် လုပ်ငန်းများ -

(က) နည်းဥပဒေ ၁၇ (က) ပါ သတ်မှတ်ချက်များအတိုင်း ဖိတ်ကြားစာကို ထုတ်ပြန်ပြီး ကော်မတီမှတဆင့် သက်ဆိုင်သူများထံ ဖိတ်ကြားစာပေးပို့ပြီး ဖိတ်ကြားစာလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးထားသည့် မှတ်တမ်းအား ရယူရမည် ၊

(ခ) သက်ဆိုင်ရာကော်မတီတွင် မှတ်ပုံတင်ထားသည့် ယာဉ်

တိုင်ကြားသူနှင့် တိုင်ကြားချက်ပါအချက်များကို စိစစ်ပြီး စိစစ်တွေ့ရှိချက် ၊သုံးသပ်ချက် ၊ အကြံပြုချက်ဖြင့် ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည် ။

(ပ) ရွေးချယ်ပွဲကျင်းပခြင်းလုပ်ငန်း ၊ ဖိတ်ကြားခြင်း ၊ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်ခြင်း ၊ ရွေးချယ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခြင်းတို့အတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာကော်မတီ၏ ရန်ပုံငွေမှ ကျခံရမည် ။

၃။ ကော်မတီ ၊ မြို့နယ်ကော်မတီ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီဝင်များရွေးချယ်ရာတွင် အသုံးပြုရမည့် ရွေးချယ်ပွဲဖိတ်ကြားစာ ပုံစံ၊ ရွေးချယ်ခံရန်ဆန္ဒပြုလွှာပုံစံ ၊ ကော်မတီဝင်လောင်းအမည်စာရင်း ကြေငြာချက် ပုံစံ ၊ ဆန္ဒမဲလက်မှတ်ပုံစံ၊ ဆန္ဒမဲရေတွက်မှုမှတ်တမ်းပုံစံ ၊ ကော်မတီတာဝန်ရွေးချယ်ခြင်းဆန္ဒမဲလက်မှတ် ပုံစံ၊ ရွေးချယ်ခံရသည့် ကော်မတီဝင်ကတိပြုလွှာ၊ ကိုယ်ရေးအချက်အလက် ၊ ရွေးချယ်ပွဲမှတ်တမ်းပုံစံများကို နောက်ဆက်တွဲ ပုံစံ (၁-က/ခ) ၊ (၂-က/ခ) ၊ (၃-က/ခ) ၊ (၄-က/ခ)၊ (၅-က/ခ)၊ (၆-က/ခ) ၊ (၇-က/ခ)၊ (၈-က/ခ) ၊ (၉-က/ခ)ပါအတိုင်း သတ်မှတ်သည် ။

၄။ ဝန်ကြီးသည် ကော်မတီ ၊ မြို့နယ်ကော်မတီများ ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ ရွေးချယ်ပွဲ ကျင်းပမည့် နေ့ရက်များကို နည်းဥပဒေများပါအတိုင်း အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးပြီး ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ရမည် ။

၅။ ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ၊ လုပ်ငန်းအခက်အခဲများကို အချိန်နှင့် တပြေးညီ ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက်ရယူပြီး ဆောင်ရွက်ရမည် ။



အစားထိုး ပြောင်းလဲရန် ဝယ်ယူထားသည့် ယာဉ်ပိုင်ဆိုင်မှုအထောက်အထားတို့ကို စိစစ်ပြီး ရွေးချယ်ခံခွင့်ပြုရမည် ၊ (အဆိုပါယာဉ်ပိုင်ရှင်များသည် ကော်မတီဝင်အဖြစ်ရွေးချယ်ခံရပါက မိမိဝယ်ယူထားသည့် ယာဉ်အား ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း၊ လုပ်ငန်းလိုင်စင်ပြုလုပ်ခြင်း ဆောင်ရွက်ခြင်းမရှိပါက ကော်မတီဝင်အဖြစ်မှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားရမည်၊

(စ) ရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့မှ စိစစ်ပြီးသော ကော်မတီဝင်လောင်းအမည်စာရင်းအား နည်းဥပဒေ ၁၇ (ဃ) ပါ သတ်မှတ်ချက်အတိုင်း ရွေးချယ်ပွဲ မတိုင်မီ (၂) ရက်ကြိုတင်၍ သက်ဆိုင်ရာကော်မတီရုံး ကြော်ငြာသင်ပုန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ကြော်ငြာသင်ပုန်းတို့တွင် ထုတ်ပြန်ကြေညာပေးရမည် ။

(ဆ) သက်ဆိုင်ရာ ကော်မတီဝင်လောင်း အမည်စာရင်းပါ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပုံစံအတိုင်း ရိုက်နှိပ်ပြီး ဆန္ဒမဲလက်မှတ်ပေါ်တွင် ကြီးကြပ်ရေးအဖွဲ့မှ လက်မှတ်ရေးထိုးထားရမည် ။

(ဇ) ရွေးချယ်ပွဲကျင်းပသည့်နေ့တွင် ဖိတ်ကြားထားသည့် ယာဉ်ပိုင်ရှင်များ တက်ရောက်မှု မှတ်တမ်း လက်မှတ်ရေးထိုးထားရမည် ။

(ဈ) ဖိတ်ကြားထားသည့် ဆန္ဒမဲပေးခွင့်ရှိသူ ယာဉ်ပိုင်ရှင်ထက်ဝက်ကျော် တက်ရောက်ပါက ရွေးချယ်ပွဲကို ကျင်းပရမည် ။

(ည) ဖိတ်ကြားထားသည့် ယာဉ်ပိုင်ရှင်ထက်ဝက်ကျော် တက်ရောက်ခြင်းမရှိပါက ရွေးချယ်ပွဲကို ကျင်းပမည့် နေ့ရက်သတ်မှတ်၍ ထပ်မံဖိတ်ကြားပြီး ကျင်းပရမည် ။ ထပ်မံဖိတ်ကြားသော ရွေးချယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ယာဉ်ပိုင်ရှင် ထက်ဝက်မကျော်ပါက ရွေးချယ်ပွဲကို နည်းဥပဒေများပါအတိုင်း ကျင်းပရမည် ။

(ဋ) ရွေးချယ်ပွဲတွင် ရွေးချယ်ပွဲဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်မည့် နည်းလမ်း၊ ဆန္ဒမဲ ပေးရမည့် နည်းလမ်းစသည်တို့ကို ကြီးကြပ်ရေးအဖွဲ့မှ ရှင်းလင်းပြောကြားရမည် ။

